# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလဆန်း ၂ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၅၉)


**ဒို့တာဝန်အရေး(၃)ပါး**

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## နိုင်ငံရဲ့ စီးပွားရေးတိုးတက်အောင်ဆိုရင် လက်ရှိငွေကြေးအရင်းအနှီး ထည့်ဝင်ရင်းနှီးနိုင်မှုပမာဏထက် နှစ်ဆခန့် တိုးတက်ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်မှသာ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးတက်လာမည်

## စီးပွားရေးတွက်ခြေမကိုက်သည့်လုပ်ငန်းများ၊ မလိုအပ်သည့်လုပ်ငန်းများ လျှော့ချ၊ အသုံးစရိတ်များကိုချွေတာ နိုင်ငံပိုင်အခန်းကိုလျှော့ပြီး ပုဂ္ဂလိကပိုင်အခန်းကဏ္ဍကို ပြောင်းလဲဆောင်ရွက်တဲ့ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးဖော်ဆောင်

## နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အကျိုးရှိထိရောက်မည့် လုပ်ငန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်

နေပြည်တော် ဇွန် ၁၉

**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများအား မိန့်ခွန်းပြောကြားခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အဆိုပါ မိန့်ခွန်းပြောကြားခြင်းအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းပြောကြားသည်။ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -



**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများအား မိန့်ခွန်းပြောကြားစဉ်။** (သတင်းစဉ်)

**ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများခင်ဗျား -**

ယနေ့အခမ်းအနားကို တက်ရောက်လာကြသူအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြစေရန် ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ် -

နိုင်ငံတော်အစိုးရအနေနဲ့ စတင်တာဝန်ယူတဲ့ ပထမနှစ်မှာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းများကို အရှိန်အဟုန်နဲ့ဆောင်ရွက်ခဲ့ပြီး ယခုနှစ်က စတင် ဆောင်ရွက်လျက်ရှိတဲ့ ဒုတိယအဆင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များမှာ နိုင်ငံတော်နှင့် ပြည်သူတို့ရဲ့ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို အထူးအလေးထား ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တစ်ဖက်ကလည်း အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေး၊ ပြည်သူ့ဘဝလုံခြုံရေးတို့ကို အရှိန်အဟုန်မပျက် တိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရက ရေးဆွဲလျာထားပြီး ပြည်ထောင်စုလွှတ်တော်သို့ မကြာမီတင်သွင်းမယ့် အမျိုးသားစီမံကိန်း(မူကြမ်း)ဟာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပဉ္စမကာလတို (၅)နှစ်စီမံကိန်းဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းနဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၊ နှစ်စဉ်စီမံကိန်း(၂)ခုကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းမှတ်တမ်းတင်၊ အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးချက်များအရ ပြည်ထောင်စုဝန်ကြီးဌာနများရဲ့ လုပ်ငန်းကဏ္ဍအချို့ကို လျှော့သင့်တာလျှော့ချ၊ တိုးသုံးသင့်တာ တိုးတက်လျာထားသုံးစွဲမှုများပြုလုပ်ခဲ့ပြီး တစ်ဖက်ကလည်း နိုင်ငံတော်ဖွံ့ဖြိုးဖို့အတွက် ထပ်မံလိုအပ်လာမယ့် ရေရှည်အစီအမံများကို ဖြည့်စွက်ပြင်ဆင်ရေးဆွဲထားတာ ဖြစ်ပါတယ်။

ပဉ္စမကာလတို (၅)နှစ်စီမံကိန်း(မူကြမ်း) (၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆)ကို လက်ရှိနိုင်ငံတော်ရဲ့ စီးပွားရေးအခြေအနေပေါ်မူတည်ပြီး အနာဂတ်မှာ ဖြစ်ပေါ်တိုးတက်လာနိုင်မယ့် အနီးစပ်ဆုံးအနေအထားကို မျှော်မှန်းလျာထားပြီး စီမံကိန်းကော်မရှင်အစည်းအဝေးမှာ တိုင်ပင်ညှိနှိုင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ (၅)နှစ်တာကာလအတွင်း -

- တစ်မျိုးသားလုံးရဲ့ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ)ကို ၂၀၁၀-၂၀၁၁ ခုနှစ် ပုံမှန်ဈေးနှုန်းအရ တစ်နှစ်ပျမ်းမျှ (၇.၇ ရာခိုင်နှုန်း) တိုးတက်ရန်၊
- နိုင်ငံတော်ရဲ့ ဂျီဒီပီမှာ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၆.၄ ရာခိုင်နှုန်းမှ ၂၉.၂ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၂၆.၀ ရာခိုင်နှုန်းမှ ၃၂.၁ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၇.၆ ရာခိုင်နှုန်းမှ ၃၈.၇ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးပြောင်းလဲဖြစ်ပေါ်စေရန်၊
- လူတစ်ဦးစီ၏ ပျမ်းမျှပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (Per Capita GDP)ကို အခြေခံနှစ်ထက် (၁.၇)ဆ တိုးတက်စေရန် ရည်မှန်းထားပါတယ်။

တွက်ချက်ရရှိထားတဲ့ ဂျီဒီပီတိုးတက်မှုနှုန်းအရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ဖြစ်ပေါ်လာမယ့် ပြည်သူများရဲ့ပျမ်းမျှ တစ်ဦးကျ ဂျီဒီပီဟာ အခြေခံနှစ်ထက် (၁. ၇)ဆ ရရှိရန် တွက်ချက်ခန့်မှန်းထားသော်လည်း ကျွန်တော်တို့အစိုးရအနေနဲ့ကတော့ ပျမ်းမျှ တစ်ဦးကျ ဂျီဒီပီကို အခြေခံနှစ်ထက် (၃)ဆ တိုးတက်အောင် ကြိုးစားချင်တာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြည်သူတွေရဲ့ စားဝတ်နေရေး လိုအပ်ချက်တွေ ဖြည့်ဆည်းနိုင်အောင်၊ အမှန်တကယ် ဝင်ငွေတိုးအောင် ကြိုးစားပေးရမှာဖြစ်ပါတယ်။

နိုင်ငံရဲ့စီးပွားရေးတိုးတက်မှုကို ငါးနှစ်အတွင်းမှာ (၃)ဆတိုးအောင်ဆိုရင် လူ့စွမ်းအား၊ ငွေကြေးအရင်းအနှီးနဲ့ နည်းပညာပေါင်းစပ်ပြီး တိုးတက်အောင် ကြိုးစားရမှာဖြစ်ပါတယ်။ လက်ရှိ ကျွန်တော်တို့ အသုံးပြုနေတဲ့ ငွေကြေး၊ အရင်းအနှီး ထည့်ဝင်ရင်းနှီး သုံးစွဲနိုင်မှုကိုသုံးသပ်ရင် -

- နိုင်ငံတော်၏ အရ-အသုံးငွေစာရင်း(အစိုးရဘတ်ဂျက်)အကန့်အသတ်ရှိခြင်း
- ပြည်ပအကူအညီအထောက်အပံ့ (Grant)နှင့် ချေးငွေ(Loan) တိုးတက်ရရှိရန် လိုအပ်ခြင်း
- ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်ဖြင့်တိုးတက်ရန် လိုအပ်ခြင်းတို့ကို အဓိကတွေ့ရှိရမှာ ဖြစ်ပါတယ်။

*စာမျက်နှာ ၈ ကော်လံ ၁* ◆

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇွန် ၂၀ ရက်)

# လမ်းကောင်းပေါ်တွင်ခရီးသွားခြင်း

လမ်းကောင်းလျှင် ခရီးပေါက်၏။ လမ်းမကောင်းလျှင် ခရီးမပေါက်။ ထို့ကြောင့်ပင် လမ်းကောင်းမှ ခရီးသွားလိုကြ၏။ လမ်းကောင်းပေါ်တွင် ခရီးသွားခြင်းသည် အချိန်ကုန်သက်သာစေသည့်အပြင် လူပင်ပန်းမှုလည်း သက်သာနိုင်၏။

ယနေ့ခေတ်တွင် လမ်းကောင်းများတိုးတက်လာ၏။ နိုင်ငံ၏ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် လမ်းကောင်းများ ကွန်ရက်သဖွယ် တိုးတက်နေ၏။ မီးရထားလမ်းသစ်များ၊ မော်တော်ကားလမ်းသစ်များ၊ တံတားသစ်များ ပေါ်ထွန်းလျက်ရှိ၏။ ထိုလမ်းတံတားသစ်များသည် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း အရှိန်အဟုန်ဖြင့် တိုးတက်လာခြင်းဖြစ်၏။ ယခုအခါ ဤလမ်း၊ ဤတံတားတို့မှတစ်ဆင့် ပြည်သူတို့ စိတ်အေးချမ်းသာစွာ ခရီးသွားလာနေကြပြီဖြစ်၏။

ထိုလမ်းသစ်၊ တံတားသစ်ကြီးများအနက် ထင်ရှားသောလမ်းမကြီးတစ်လမ်းမှာ နေပြည်တော်-ရန်ကုန် အမြန်လမ်းမကြီးပင်ဖြစ်၏။ ထိုလမ်းမကြီးကို လွန်ခဲ့သောနှစ်များက ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ယခုအခါ ပြည်သူအပေါင်းတို့သည် အေးချမ်းပျော်ရွှင်စွာ ခရီးသွားနေကြပြီဖြစ်သည်။ လမ်းမကြီးမှာ အသွားလမ်းနှင့် အပြန်လမ်း သီးသန့်စီရှိသည့် ကွန်ကရစ်လမ်းမကြီးပင်ဖြစ်သည်။ နေပြည်တော်နှင့် ရန်ကုန် အချိန်လေးနာရီခန့်ဖြင့် ရောက်ရှိနိုင်သော လမ်းကောင်းပင်ဖြစ်သည်။ ယခုအခါ ထိုလမ်းမကြီးပေါ်မှ ကားကြီး၊ ကားငယ် အသွယ်သွယ်တို့ ကူးလူးယှက်နွယ်သွားလာနေကြပြီဖြစ်သည်။

ထိုလမ်းမကြီးသည်ကား အလွန်ကောင်း၏။ လမ်းကောင်းသော်လည်း အချို့သောယာဉ်မောင်းများ၏ ပေါ့ဆမှုများကြောင့် ယာဉ်မတော်တဆမှုများလည်း မကြာခဏဖြစ်ပွားလျက်ရှိကြောင်း ကြားသိရသည်။ လမ်းမည်မျှကောင်းစေကာမူ လမ်းအသုံးပြုသူများ စနစ်တကျအသုံးမပြုတတ်လျှင် လမ်းကောင်းမှ ခရီးသွားခြင်းသည် အကျိုးမရှိဖြစ်တတ်သည်။

လောက၌ လမ်းကောင်းခရီးသွားရသကဲ့သို့ ဘဝကို အေးအေးချမ်းချမ်း ဖြတ်သန်းနေကြရသူများစွာ ရှိလေသည်။ လူငယ်လူရွယ် အများစုသည် မိဘတို့၏အရိပ်အောက်တွင် မပင်မပန်းအေးချမ်းပျော်ရွှင်စွာ နေထိုင်ကြရ၏။ စားချိန်တန်စား၊ ကစားချိန်တန်ကစား၊ အိပ်ချိန်တန်အိပ် မိဘတို့၏သွန်သင်ဆုံးမမှုအောက်တွင် သားသမီးတို့ အပူအပင်မရှိဘဝ၌ သာယာဖြောင့်ဖြူးလျက်ရှိကြ၏။ ထိုသူများသည် လမ်းကောင်းပေါ်တွင် ခရီးသွားနေကြခြင်းပင်ဖြစ်၏။

သို့သော် အချို့သောသားသမီးတို့သည်ကား မိဘတို့၏အရိပ်အာဝါသအောက် လမ်းကောင်းပေါ်တွင် ခရီးသွားနေကြရသော်လည်း လမ်းကောင်းကို တန်ဖိုးမထားတတ်သောယာဉ်မောင်းများကဲ့သို့ ကြိုးစားအားထုတ်မှုမရှိခဲ့ကြသဖြင့် ဘဝတွင် ကျရှုံးမှုနှင့် ကြုံတွေ့ခဲ့ကြရသူ များစွာရှိလေသည်။ နောင်တဟူသည် နောင်မှရသည် ဟူသောစကား ကြိုးစားရမည့်အချိန် မကြိုးစားသူများအတွက် အမြဲမှန်ကန်နေမည်မှာ အသေအချာပင်ဖြစ်၏။ ထို့ကြောင့် လမ်းကောင်းပေါ် ခရီးသွားနေရချိန်တွင် လမ်းကိုဖြောင့်ဖြောင့်တန်းတန်း ဘေးမသီရန်မခဘဲသွားနိုင်ဖို့ကား အရေးကြီးပေသည်။ မိဘဆရာသမားတို့၏အရိပ်တွင် အေးအေးချမ်းချမ်း နေထိုင်နေကြရချိန်တွင် သားသမီးများ၊ လူငယ်လူရွယ်များ၊ ကျောင်းသား ကျောင်းသူများ ပညာကို ကြိုးကြိုးစားစား အားထုတ်သင့်၏။ အပေါင်းအသင်းများ၍ လမ်းမှားရောက်ခြင်းကား မဖြစ်သင့်ပေ။ သို့ဖြစ်ပါ၍ လမ်းကောင်းပေါ်တွင် ခရီးသွားသကဲ့သို့ ဘဝတွင်လည်း အချိန်ကောင်း အခါကောင်းကို လက်လွှတ်မခံဘဲ ကြိုးစားအားထုတ်နေသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# လူထုဦးဆောင်မှုဖြင့် အလုံးစုံသန့်ရှင်းရေးစီမံချက် ငပုတောမြို့နယ်၌ အကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၉**

ကျန်းမာရေးဦးစီးဌာန ဗဟိုကျန်းမာရေးပညာဌာနနှင့် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ လူထုဦးဆောင်မှုဖြင့် အလုံးစုံသန့်ရှင်းရေးစီမံချက် ဖွင့်ပွဲအခမ်းအနားကို ငပုတောမြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကို၊ စီမံချက်မန်နေဂျာ ဦးရှင်ဇာနန်နှင့် ဗဟိုကျန်းမာရေးပညာဌာန ဒုတိယညွှန်ကြားရေးမှူးတို့က အမှာစကားပြောကြားကြသည်။

အဆိုပါ စီမံချက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ငပုတောမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး၊ မြို့နယ်ပညာရေးမှူး၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်သူများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ စုစုပေါင်း ၅၀ ကျော် တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲကာလအတွင်း ကျေးရွာများသို့ လက်တွေ့ကွင်းဆင်း၍ လူထုဦးဆောင် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများ မည်သို့ဆောင်ရွက်သွားရမည်ကို လေ့ကျင့်သင်ယူသွားကြမည်ဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲ ပြီးဆုံးပါက အခြေခံကျန်းမာရေးဝန်ထမ်းများက မိမိတို့အပိုင် ကျေးရွာများကို တာဝန်ယူ၍ အညစ်အကြေးများ စနစ်တကျ စွန့်ပစ်ရေးအတွက် လူထုအား ချဉ်းကပ်ဆောင်ရွက်သွားကြမည် ဖြစ်သည်။

အဆိုပါလူထုဦးဆောင်မှုဖြင့် အလုံးစုံသန့်ရှင်းရေးစီမံချက်ကို ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၏ ပံ့ပိုးမှုဖြင့် ဇွန်လအတွင်း ငပုတောမြို့နယ်အပါအဝင် ကျိုက်လတ်၊ ဘိုကလေးမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီးရှိ ပေါင်းတည်မြို့နယ်တို့၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(ကျန်းမာရေး)**

# မိုးတွင်းကာလ ဓာတ်လိုက်၍ ထိခိုက်မှုများ သတိပြုသင့်

**ရန်ကုန် ဇွန် ၁၉** **ခင်လေးမြင့်အောင်**

မိုးရာသီရောက်ရှိလာခဲ့ပြီး နောက်ပိုင်း ရန်ကုန်မြို့တွင်းရှိ လျှပ်စစ်သွယ်တန်းထားရှိရာ ဓာတ်ကြိုးတိုင်များအနီး၌ သစ်ပင်များရှိခြင်း၊ ဓာတ်ကြိုးများနှင့် အိမ်မိုးသွပ်များမလွတ်ခြင်းကြောင့် ဝိုင်ယာရှော့ခ်များ ဖြစ်ပွားနိုင်ကြောင်း သိရှိရသည်။

"မြို့နယ်တော်တော်များများမှာ မြင်တွေ့နေရပါတယ်။ ဓာတ်ကြိုးတွေက လေတွေတိုက်၊ မိုးတွေရွာလို့ မငြိမ်သက်ရတဲ့အထဲ ဓာတ်တိုင်တွေနဲ့ သစ်ပင်တွေက ထိစပ်နေတယ်။ သွပ်မိုးတွေနဲ့ကမလွတ်ဘူး၊ ဓာတ်ကြိုးတွေကလည်း ရှင်းလင်းမှုမရှိဘဲ ရှုပ်ထွေးနေတဲ့အတွက် လျှပ်စစ်ဓာတ်လိုက်မှုအန္တရာယ်နဲ့ ကြုံရနိုင်ပါတယ်"ဟု ဝိုင်ယာရှော့ခ်ဖြစ်စဉ်တစ်ခုကို မြင်တွေ့ခဲ့ရသူတစ်ဦးက ပြောကြားသည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်းကလည်း နှင်းဆီကုန်းဘိုးဘွားရိပ်သာအနီးရှိ ဓာတ်တိုင်တွင် လျှပ်စစ်ဝိုင်ယာကြိုးများ ရှင်းလင်းနေစဉ်အတွင်း လျှပ်စစ်ဝန်ထမ်း ဓာတ်လိုက်သေဆုံးခဲ့ကြောင်း မျက်မြင်များက ဆိုသည်။

"လျှပ်စစ်ဝန်ထမ်းတွေကလည်း ကိုယ်တာဝန်ကျတဲ့နေရာက ဓာတ်တိုင်တွေ၊ ဓာတ်ကြိုးတွေကို မိုးမကျခင် အတတ်နိုင်ဆုံးရှင်းလင်းထားသင့်ပါတယ်။ ဘယ်ဓာတ်ကြိုးကတော့ အန္တရာယ်ရှိတယ်။ ဘယ်သစ်ပင်ကတော့ ခုတ်မှလွတ်မယ်ဆိုတဲ့ ကိစ္စတွေကို အများပြည်သူတွေက မသိနိုင်ပေမယ့် လျှပ်စစ်ဝန်ထမ်းတွေအနေနဲ့ မိမိအန္တရာယ်ကိုရော၊ ရပ်ရွာကိုရော ကာကွယ်တဲ့အနေနဲ့ ဆောင်ရွက်သင့်တယ်။ ပြည်သူတွေကလည်း တာဝန်ရှိသူတွေနဲ့ ပူးပေါင်းပြီး မိုးမကျခင်ကတည်းက ကြိုတင်ရှင်းလင်းထားကြမယ်ဆိုရင် ဒီလိုအန္တရာယ်မရှိနိုင်ဘူး"ဟု တာမွေမြို့နယ်မှ လျှပ်စစ်ဝန်ထမ်းတစ်ဦးက ဆိုသည်။

လွန်ခဲ့သည့် မေလကုန်ခန့်ကလည်း လှိုင်သာယာမြို့နယ်အတွင်း ဓာတ်ကြိုးမလွတ်သည့်သစ်ပင်ကို ခုတ်လှဲမိရာမှတစ်ဆင့် သစ်ပင်ခုတ်သမားတစ်ဦး သေဆုံးသွားခဲ့ကြောင်း အဆိုပါဝန်ထမ်းက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှလည်း ယခုနှစ် မိုးမကျမီ လိုအပ်သည့် ဓာတ်တိုင်များကို ရှင်းလင်းပြင်ဆင်ပေးခဲ့သော်လည်း အချို့လိုအပ်နေသေးသည့် နေရာများ၌ သာမန်အရပ်သားများက နားလည်တတ်ကျွမ်းမှုမရှိဘဲ တက်ရောက်ရှင်းလင်းသည့်အတွက် ထိခိုက်မှုများလည်း ရှိနေကြောင်း သိရှိရသည်။

# စိုက်ပျိုးစရိတ်ချေးငွေများ ကော့ကရိတ်၌ ထုတ်ချေး

**ကော့ကရိတ် ဇွန် ၁၉**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တောင်သူလယ်သမားများအား ၂၀၁၂ ခုနှစ် မိုးစပါးသီးနှံထုတ်လုပ်မှုဘဏ်ချေးငွေထုတ်ချေးခြင်း အခမ်းအနားကို ဇွန် ၁၅ ရက် မွန်းတည့် ၁၂ နာရီက အဆိုပါရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်း၊ ဘဏ်ခွဲမန်နေဂျာ ဦးသိန်းမြင့်၊ ကြီးကြပ်ရေးမှူး ဦးစောရီစိုးတို့ ဦးဆောင်ကာ ဝန်ထမ်းများက မြောက်ကြာအင်းကျေးရွာမှ လယ်သမား ၄၂ ဦးအား စိုက်ဧက ၂၁၀ အတွက် တစ်ဧက လျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ချေးငွေပေါင်း ငွေကျပ်သိန်း ၁၀၅၀၀၀၀၀ ကို ထုတ်ချေးပေးခဲ့သည်။

ကော့ကရိတ်မြို့နယ် ဘဏ်ခွဲသည် ဇွန် ၁၅ ရက်မတိုင်မီက ၂၀၁၂ ခုနှစ် ဘဏ်ချေးငွေကို ယမန်နှစ်ချေးငွေနှုန်းဖြစ်သည့် တစ်ဧကလျှင် ငွေကျပ် ၄၀၀၀၀ ဖြင့် ထုတ်ချေးပေးခဲ့ပြီးဖြစ်ရာ ယင်းထုတ်ချေးပြီး လယ်သမားများကို တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ထပ်မံဖြည့်စွက်ထုတ်ချေးပေးရန် စီမံလျက်ရှိသည်။ ကော့ကရိတ်မြို့နယ် ဘဏ်ခွဲသည် ယခုနှစ်မိုးရာသီတွင် ဘဏ်ချေးငွေကျပ်သိန်း ၃၃၀၀ ထုတ်ချေးရန် လျာထားကြောင်း သိရှိရသည်။

**(မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)**

# ကြည့်မြင်တိုင်မြို့နယ်လုံးကျွတ် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၉**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အနောက်ပိုင်းခရိုင် သစ်တောဦးစီးဌာန(အလုံ)က ကြည့်မြင်တိုင်မြို့နယ်လုံးကျွတ် ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၆ ရက် နံနက်က အလတ်ချောင်း-စက်ဆန်း-အောက်ရုံရပ်ကွက်၌ ကျင်းပသည်။

ရှေးဦးစွာ အနောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်က အမှာစကားပြောကြားပြီး ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်ဝင်းက သစ်ပင်များ စိုက်ပျိုးရှင်သန်နိုင်မှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပျိုးပင် ၈၀၀၀ ကျော်ကို ဖြန့်ဝေပေးပြီးနောက် **(အောက်ပုံ)** စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (ဝ၄၂)





# စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၉**

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်သမဝါယမအသင်းစုမှ ကျင်းပသော ဇူလိုင် ၇ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ်အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇွန် ၁၅ ရက် နံနက် ၁၁ နာရီက လသာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗဟိုစံပြခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လသာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းက အမှာစကားပြောကြားသည်။ ထို့နောက်မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက ဆုချီးမြှင့်ပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ သမဝါယမဦးစီးဌာန ဦးစီးအရာရှိ၊ ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် အတွင်းရေးမှူး ဦးတင်မြင့်၊ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးအောင်လှ **(အပေါ်ပုံ)**၊ မြို့နယ်ပညာရေးမှူး ဦးမောင်မောင်တိုးနှင့် အထက (၁) လသာ ကျောင်းအုပ်ကြီး ဦးစိုးမင်းတို့က ဆုရရှိကြသည့် ကျောင်းသူများကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(၁၆၈)**

# လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဖွင့်

**အုတ်တွင်း ဇွန် ၁၉**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသင်တန်းဖွင့်ပွဲကို အုတ်တွင်းမြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ဇွန် ၁၃ ရက် နံနက်က ကျင်းပသည်။

အဆိုပါ သင်တန်းတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာများ၊ တရားမဝင် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်မှုကျဆင်းရေးနှင့် ကျေးရွာပိုင်စိုက်ခင်း၊ တစ်အိမ်ထောင်ကျွန်းသုံးပင် စိုက်ပျိုးရေးနှင့် သစ်မာပင် ၂၀ စိုက်ပျိုးရေးများကို အုတ်တွင်းမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်သူရက ပို့ချဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(၃၁၆)**



# ကျောင်းကုန်းမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

**ကျောင်းကုန်း ဇွန် ၁၉**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြို့နယ်သစ်တောဦးစီးဌာနမှ ကြီးမှူး၍ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၈ ရက် နံနက် ၈ နာရီက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ရေခလုပ်ကျေးရွာရှိ ရေခလုပ်မြစ်ကူးတံတား ချဉ်းကပ်လမ်းဘေးဝဲယာတစ်လျှောက်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများက ကျွန်းပင် ၅၅၀၊ ပျဉ်းကတိုးပင် ၂၀၀၊ ယူကလစ်ပင် ၁၂၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(ဝဲပုံ)** (ဝ၉၁)

**နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**



ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

❖*ကျောဖုံးမှ*

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးတွင် ပဥ္စမကာလတို (၅)နှစ်စီမံကိန်း(မူကြမ်း)နှင့် ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် မဟာဗျူဟာလုပ်ငန်းစဉ်များအပေါ် မူဝါဒချမှတ်နိုင်ရန် တင်ပြချက်များကို ဆွေးနွေးပြောကြားသွားသည်ကို တွေ့ရှိရပါကြောင်း။

မူဝါဒပိုင်းဆိုင်ရာတင်ပြချက်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက်ရော၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စအဝဝအတွက်ပါ အရေးကြီးသည့်အချက်များ ဖြစ်ပါကြောင်း၊ မနက်ဖြန်ဆက်လက်ကျင်းပမည့်အစည်းအဝေးတွင် "**မူဝါဒဆိုင်ရာဆွေးနွေးမည့်အစီအစဉ်**" ကို ထည့်သွင်းဆောင်ရွက်သွားရန် စီစဉ်ထားပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ပြည့်စုံစွာတင်ပြခဲ့သည်ကို တွေ့ရပါကြောင်း၊ သို့ရာတွင် မက်ခရိုစီးပွားရေး ပြုပြင်ပြောင်းလဲမှု (Macro-Economic Reform) ပိုင်းတွင် ဘတ်ဂျက်၊ နိုင်ငံခြားအကူအညီနှင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတို့ကိုသာ အဓိကထားပြီး ဆွေးနွေးပြောကြားသွားခဲ့ပါကြောင်း။

မိမိတို့စီမံကိန်းကော်မရှင်အနေဖြင့် နိုင်ငံတော်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအကျဆုံးလိုအပ်ချက်ဖြစ်သည့် ငွေသုံးစွဲနိုင်ရေးမှာ အခွန်အကောက်ဆိုင်ရာ Reform ကို ပြောကြားလိုပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးမှု ဆောင်ရွက်ရာမှာရော၊ ဒေသဖွံ့ဖြိုးမှုဆောင်ရွက်ရာမှာပါ အခွန်အကောက်များ ပြည့်ပြည့်ဝဝရရှိအောင် တိုးတက်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မကြာမီက အခွန်နှုန်းထားများ ပြင်ဆင်ပြောင်းလဲမှု ပြုလုပ်ခဲ့ခြင်းသည် အခွန်ထမ်းပြည်သူတိုးတက်လာရေးနှင့် အခွန်များ တိုးတက်ကောက်ခံရရှိရေး ရည်ရွယ်ချက် ပါရှိပါကြောင်း။

မိမိတို့နိုင်ငံသည် နိုင်ငံတကာနည်းတူ ဈေးကွက်စီးပွားရေးစနစ်ဖြင့် စီးပွားရေးဆန်ဆန်၊ စီးပွားရေးတွက်ခြေကိုက်အောင် တစ်ဖက်ကဆောင်ရွက်ရင်း တစ်ဖက်က နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်မှာဖြစ်ပါကြောင်း၊ ဥပမာ-နိုင်ငံတကာတွင် မြေကိုသုံးသုံး၊ ရေကိုသုံးသုံး၊ လျှပ်စစ်သုံးသုံး၊ ထုတ်လုပ်မှုစရိတ်နှင့်ချိန်ထိုးပြီး ဈေးနှုန်းကိုသတ်မှတ်ကာ နိုင်ငံ၏ဝင်ငွေရအောင် ဆောင်ရွက်ကြပါကြောင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးတိုးချဲ့တည်ဆောက်မည်ဆိုလျှင်လည်း-

- Residential Tax
- Commercial Tax
  Industrial Tax
- ကားရပ်နားခွန်
- လျှပ်စစ်ထိန်းသိမ်းခ၊ ရေထိန်းသိမ်းခ၊ အမှိုက်ခွန်
- Property Tax
- Business Tax

အစရှိသည့် မြို့နယ်၏ ဝင်ငွေနှင့်ထွက်ငွေချိန်ဆပြီး တိုးချဲ့ တည်ဆောက်ကြသည်ကို တွေ့ရပါကြောင်း။

ယခုလည်း Land Reform အရ သစ်တောကျူးကျော်၊ မြေလွတ်မြေရိုင်းကျူးကျော်များ ပြောင်းရွှေ့နေရာချထားလျှင် ငွေကြေးလိုအပ်လာမည်ဖြစ်ပါကြောင်း၊ ဤသည်ကို မြို့နယ်တွင် စိုက်ခင်းကြီးများ ရင်းနှီးမြှုပ်နှံသူ၊ စက်မှုလက်မှုနှင့် အခြားရင်းနှီးမြှုပ်နှံသူတို့၏ မြေပရီမီယံကြေးများမှ အချိုးအစားတစ်ရပ်ကို ချိန်ဆထုတ်နုတ် သုံးစွဲရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရနှင့် သက်ဆိုင်ရာကော်မတီများ ညှိနှိုင်းပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့်အညီ Land Reform နှင့် Tax Reform ချိတ်ဆက်စဉ်းစားမှုမျိုး နည်းလမ်းရှာခြင်း၊ ပြည်သူလူထုကို ပညာပေးခြင်းများ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

အလားတူ မြို့ပြဖွံ့ဖြိုးရေးတွင် တဲပေါ်မှ တိုက်ပေါ်တင်စနစ်ကို ရင်းနှီးမြှုပ်နှံသူနှင့် ဒေသခံပြည်သူ နှစ်ဦးနှစ်ဖက်သဘောတူညီမှုရယူကြပြီး ပြောင်းလဲသွားရမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအနေဖြင့် ကွန်ဒိုဥပဒေကဲ့သို့ ဥပဒေနှင့် ရေခွန်၊ မီးခွန်၊ ယာဉ်ရပ်နားခွန် စသည်တို့နှင့် အခွန်အကောက်တို့ကို ဟန်ချက်ညီ တွက်ချက်ဆောင်ရွက်မှုမျိုး (Administrative Reform) ကိုလည်း ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

အမျိုးသားလျှပ်စစ်စီမံကိန်း ရေးဆွဲရာတွင်လည်း အလယ်အလတ်အဆင့် နိုင်ငံကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်စွမ်းအင်ကဏ္ဍအား ပြည်သူလူထုသုံးစွဲနိုင်မှု၊ လူဦးရေ၏ ၇၅ ရာခိုင်နှုန်းရရှိမှသာလျှင် စက်မှုဖွံ့ဖြိုးသော အိမ်နီးချင်းနိုင်ငံများကဲ့သို့ အခြေအနေကို ရောက်ရှိမှာဖြစ်ပါကြောင်း၊ ထိုအခြေအနေကို ရောက်ရန်အတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြည့်ဆည်းနိုင်ရန် အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံမှ ၂၀ ဘီလီယံအား အသုံးပြုတည်ဆောက်ရန် လိုအပ်ပါကြောင်း၊ ရေအားလျှပ်စစ်သာမက သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးကိုပါရနိုင်သလောက် အသုံးပြုခြင်း၊ လတ်တလောအခြေအနေတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချနိုင်သောနိုင်ငံမှ တင်သွင်းဖြန့်ဖြူးခြင်း၊ သဘာဝဓာတ်ငွေ့များအား အချို့သောနိုင်ငံများကဲ့သို့ မိမိနိုင်ငံမှ ထွက်ရှိမှုအားလုံးကို သုံးစွဲသည့်အပြင် ပြည်တွင်းလိုအပ်ချက်ကို ပြည်ပမှ ထပ်မံဝယ်ယူသည့် နည်းလမ်းအပါအဝင် စွမ်းအင်မူဝါဒကိုလည်း ပြောင်းလဲကျင့်သုံးရန် လိုအပ်ပါကြောင်း၊ လူဦးရေ ၇၅ ရာခိုင်နှုန်းအတွက် လိုအပ်သော လျှပ်စစ်မဂ္ဂါဝပ် ၁၆၆၆၃ ခန့် ရရှိရန်အတွက် အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံမှ ၂၀ ဘီလီယံအား တစ်နှစ်လျှင် ၂ ဘီလီယံနှုန်း တိုးတက်အသုံးပြုမည်ဆိုပါက နောက်ထပ် ၁၀ နှစ်ခန့် ကြာဦးမည်ဖြစ်ပါကြောင်း၊ တစ်နှစ်လျှင် လျှပ်စစ်မဂ္ဂါဝပ် ၅၀၀ အားမှ ၁၀၀၀ အားအထိ ထုတ်လုပ်နိုင်မည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို နှစ်စဉ် တစ်လုံးကျ တည်ဆောက်သွားရမည့်သဘော ဖြစ်နေပါကြောင်း။ ထို့ကြောင့် ပြည်ပမှ လျှပ်စစ်ဓာတ်အား တင်သွင်းပြီး သဘာဝဓာတ်ငွေ့၊ စက်သုံးဆီနှင့် ကျောက်မီးသွေးလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများသာမက ကျေးရွာများမှတစ်ဆင့် မြို့နယ်ငယ်များ မီးလင်းရေးအဆင့်ကို စပါးခွံမီးစက်များအပါအဝင် အခြားစွမ်းအင်သုံး ပုဂ္ဂလိက ဓာတ်အားပေးစက်ရုံများ တိုင်းဒေသကြီး/ပြည်နယ်များ၌ ဆောင်ရွက်သွားနိုင်ရေး ကြိုးစားကြရမည်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် ပြုပြင်ပြောင်းလဲရေး (Reform) လုပ်နေချိန်တွင် စာရွက်ပေါ်မှ Plan များကို ပြည်သူများ၏ လက်ရှိစားဝတ်နေရေး လိုအပ်ချက်နှင့် လူမှုစီးပွားရေးဘဝမြင့်မားရေးအတွက် စဉ်းစားပုံ၊ အတွေးအခေါ်နှင့် လုပ်နည်းလုပ်ဟန်များကိုပါ ပြောင်းလဲတိုးတက်အောင် ကြိုးစားပေးကြပါရန် တိုက်တွန်းပါကြောင်းဖြင့် လမ်းညွှန်မှာကြားသည်။

ထို့နောက် စီမံကိန်းကော်မရှင် ပထမအကြိမ် အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## တစ်ပြည်လုံး မိုးအားပိုလာမည်

**နေပြည်တော် ဇွန် ၁၉**

**ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ တောင်ကုတ်မြို့တွင် ၅ ဒသမ ၅၉ လက်မ၊ သံတွဲမြို့တွင် ၄ ဒသမ ၃၃ လက်မ၊ ရေးမြို့တွင် ၃ ဒသမ ၁၁ လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၇၂ လက်မ၊ အမ်းမြို့တွင် ၂ ဒသမ ၄၀ လက်မ၊ ဖျာပုံမြို့တွင် ၂ ဒသမ ၂၈ လက်မနှင့် မော်လမြိုင်မြို့တွင် ၂ ဒသမ ၂၄ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** တစ်ပြည်လုံးတွင် မိုးအားပိုလာမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၁၀၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၁၀၀ ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။



မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ဦးဆောင်မှုဖြင့် ရန်ကုန်တောင်ပိုင်းခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ သန်လျင်မြို့ ကျိုက်ခေါက်စေတီတော် ပတ်ဝန်းကျင်နှင့် စေတီတော်ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးလုပ်အားဒါန ပြုကြစဉ်။ (မြို့နယ်အမျိုးသမီးရေးရာ)

# လေထုလွှာအခြေအနေလေ့လာသုတေသနပြုရန် ထိုင်း ယူတာပါအိုရေတပ်စခန်းကို နာဆာငှားရမ်းအသုံးပြုမည်

ဗန်ကောက် ဇွန် ၁၉



နာဆာမှ ငှားရမ်းအသုံးပြုရန်တောင်းဆိုထားသော ယူတာပါအိုရေတပ်အခြေစိုက်စခန်း **(ယာပုံ)**ကို ထိုင်းအစိုးရက အသုံးပြုခွင့်ပေးမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဆူရာပွန်တိုဗီချက်ချိုင်းကူက ဇွန် ၁၉ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

အဆိုပါ ရေတပ်အခြေစိုက်စခန်းကို နာဆာကအရှေ့တောင်အာရှဒေသအတွင်း အပေါ်ယံလေထုလွှာ၏အနေအထားကို လေ့လာသုတေသနပြုရန်အတွက် အသုံးပြုလို၍ ငှားရမ်းခြင်းဖြစ်သည်။ ထိုသို့ခွင့်ပြုနိုင်ရန် ထိုင်းဝန်ကြီးချုပ် ရင်လပ်ရှင်နာဝပ်ထရာ၊ ကာကွယ်ရေးဝန်ကြီး အေစီအမ်ဆူခမ်ပိုလ်ဆူဝမ်နာပက်နှင့်ရေတပ်အကြီးအကဲများ တွေ့ဆုံဆွေးနွေးပြီးနောက် သဘောတူခွင့်ပြုခဲ့ခြင်းဖြစ်သည်။

နာဆာက ၎င်းရေတပ်အခြေစိုက်စခန်းအား ငှားရမ်းအသုံးပြုခွင့်ပေးပါရန် ပြီးခဲ့သည့်မတ်လက ထိုင်းအစိုးရထံ ခွင့်တောင်းခဲ့ခြင်းဖြစ်သည်။ ထိုသို့လေ့လာသုတေသနပြုလုပ်ငန်းကို လာမည့်ဩဂုတ်မှ စက်တင်ဘာလအတွင်းသာ အသုံးပြုမည်ဖြစ်သည်။ သို့သော် ထိုသို့လေထုလွှာကို လေ့လာသုတေသနပြုရာတွင် အိမ်နီးချင်းနိုင်ငံများ၏ ဝေဟင်ပိုင်နက်ကို ကျူးကျော်ခြင်းမပြုရန် ထိုင်းအစိုးရက နာဆာအဖွဲ့အား သတိပေးထားသည်။ ထိုင်းနိုင်ငံရှိ ယူတာပါအိုရေတပ်အခြေစိုက်စခန်းကို ဗီယက်နမ်စစ်ပွဲကာလအတွင်း အမေရိကန်စစ်အခြေစိုက်စခန်းအဖြစ် အသုံးပြုခဲ့သည်။ ယခုအခါ ၂၀၀၄ ခုနှစ်မှစတင်ကာ အိန္ဒိယသမုဒ္ဒရာရှိ ဆူနာမီ၊ ဆိုင်ကလုန်းမုန်တိုင်းနှင့် ၂၀၀၈ ခုနှစ်က မြန်မာနိုင်ငံတွင် ကြုံတွေ့ခဲ့ရသည့် နာဂစ်မုန်တိုင်းတို့နှင့်ပတ်သက်ပြီး လူသားချင်းကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် လေဆိပ်အဖြစ် အသုံးပြုနေခြင်းဖြစ်သည်။ **(အင်တာနက်)**



# ပစိဖိတ်သမုဒ္ဒရာရှိ မာရီရာနာချောက်အတွင်း တရုတ်ရေငုပ်သင်္ဘော ဒုတိယအကြိမ်ဆင်းသက်

ပေကျင်း ဇွန် ၁၉

ကမ္ဘာ့ရေအနက်ဆုံးနေရာဖြစ်သော ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ မာရီရာနာချောက်အတွင်းသို့ တရုတ်နိုင်ငံမှ လူလိုက်ပါလာသည့် ရေငုပ်သင်္ဘောဒုတိယအကြိမ်မြောက်အဖြစ် ဇွန် ၁၈ ရက် နံနက်က ဆင်းသက်ခဲ့ရာ ရေအနက် ၆၉၆၅ မီတာအထိ စံချိန်တင်ရောက်ရှိခဲ့ကြောင်း တရုတ်အရာရှိများက ဇွန် ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ ရေငုပ်သင်္ဘော **(အပေါ်ပုံ)**သည် ပြီးခဲ့သည့် ဇွန် ၁၅ ရက်က မာရီရာနာချောက်အတွင်း ပထမအကြိမ်ဆင်းသက်ခဲ့ရာတွင် ရေအနက် ၆၆၇၁ မီတာအထိ ရောက်ရှိခဲ့သည်။ ထိုစဉ်က ရေအနက်ဆုံး မီတာ ၇၀၀၀ အထိ ဆင်းသက်ရန် မျှော်မှန်းခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။ ယခုအခါ ဒုတိယအကြိမ်အဖြစ် ဇွန် ၁၈ ရက် နံနက် ၇ နာရီမှ စတင်ကာ မာရီရာနာချောက်အတွင်းသို့ ဆင်းသက်ခဲ့ရာ ရေအနက် ၆၉၆၅ မီတာအထိ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

**စမ်းသပ်မောင်းနှင်မည်**

၎င်းရေအနက်၌ ရေငုပ်သင်္ဘောရှိ ဟိုက်ဒရောလစ်စနစ်များ၊ ဆက်သွယ်ရေးကိရိယာများနှင့် အခြားနည်းစနစ်များ အားလုံးပုံမှန်အတိုင်း လုပ်ငန်းဆောင်ရွက်နိုင်ကြသည်။ ၎င်းရေငုပ်သင်္ဘောကို လာမည့်ဇူလိုင်လဆန်း၌ မာရီရာနာချောက်အတွင်း မူလရည်မှန်းချက်အတိုင်း ရေအနက်မီတာ ၇၀၀၀အထိရောက်ရှိအောင် ဆင်းသက်ကာ ထပ်မံစမ်းသပ်မောင်းနှင်သွားမည်ဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

# ဂျာမနီနိုင်ငံလုပ် တင့်ကားအစီးရေ ၈၀၀ ဆော်ဒီအာရေဗျဝယ်ယူမည်



ဘာလင် ဇွန် ၁၉

ဆော်ဒီအာရေဗျနိုင်ငံက ဂျာမနီနိုင်ငံမှ တင့်ကားအစီး ၆၀၀ မှ ၈၀၀ အထိ ဝယ်ယူမည်ဖြစ်ကြောင်း ဇွန် ၁၉ ရက်ထုတ် ဂျာမန်သတင်းစာတစ်စောင်၌ ဖော်ပြသည်။ **(ဝဲပုံ)**

လောလောဆယ်တွင် ဆော်ဒီအာရေဗျနိုင်ငံက ဂျာမနီနိုင်ငံမှ တင့်ကားအစီး ၃၀၀ ဝယ်ယူရန် စာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်သည်။ ထိုသို့စာချုပ်ချုပ်ဆိုရန် ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် စီးပွားရေးဝန်ကြီးဌာနတို့မှ အဆိုပါတင့်ကားများ ရောင်းချရေးကို သဘောတူထောက်ခံခဲ့ခြင်းဖြစ်သည်။

ဂျာမနီနိုင်ငံမှ တင့်ကားများထုတ်လုပ်သော ကရာအက်စ်မာဖီဝပ်မင်းနှင့် ရိန်းမက်တယ်ကုမ္ပဏီများအတွက် ဈေးကွက်အသစ်တစ်ခုရရှိခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ်က ဂျာမနီနိုင်ငံမှ ဆော်ဒီအာရေဗျနိုင်ငံသို့ လီအိုပက်အမျိုးအစားတင့်ကားအစီးရေ ၂၇၀ ကို ရောင်းချထားပြီးဖြစ်သည်။

ဂျာမနီနိုင်ငံသည် ယခင်က ပင်လယ်ကွေ့နိုင်ငံသို့ စစ်လက်နက်ပစ္စည်း အကြီးစားများ ရောင်းချခြင်းကန့်သတ်ထားခဲ့သည်။ ယင်းမှာ ဂျာမနီနှင့် အစ္စရေးတို့၏ ဆက်ဆံရေးကောင်းမွန်မှုကြောင့် ဖြစ်သည်။ လာမည့် ဇူလိုင် ၂၀ ရက်တွင် အဆိုပါတင့်ကားများ ဝယ်ယူရေး သဘောတူစာချုပ်ကို အပြီးသတ်လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။ **(အင်တာနက်)**

## နိုင်ငံတကာသတင်းအတိုအထွာ ၁၉-၆-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

### လက်ဖက်ရည်အလွန်အကျွံသောက်သည့်အမျိုးသားများ ဆီးကျိတ်ကင်ဆာရောဂါ ပိုမိုဖြစ်ပွားနိုင်ဟုဆို

*လက်ဖက်ရည်အလွန်အကျွံသောက်သုံးသည့် အမျိုးသားများသည် လက်ဖက်ရည်အတန်အသင့်သောက်သည့်အမျိုးသားများထက် ဆီးကျိတ်ကင်ဆာရောဂါ ပိုမိုဖြစ်ပွားနိုင်ကြောင်း လေ့လာသုတေသနပြုချက်အသစ်တစ်ရပ်ကဆိုသည်။*

*စကော့တလန်နိုင်ငံ ဂလက်စ်ဂိုးတက္ကသိုလ်မှ သုတေသနအဖွဲ့တစ်ဖွဲ့သည် ကျန်းမာရေးကောင်းမွန်သည့် အသက် ၃၇ နှစ်နှင့်အထက်ရှိ အမျိုးသား ၆၀၀၀ ကျော်ကို လေ့လာ သုတေသနပြုခဲ့ရာမှ ထိုသို့ကောက်ချက်ချခဲ့ခြင်းဖြစ်သည်။ တစ်နေ့လျှင် လက်ဖက်ရည်ခုနစ်ခွက် နှင့်အထက် ပုံမှန်သောက်သည့် အမျိုးသားများသည် လက်ဖက်ရည်အတန်အသင့်သောက်သည့် အမျိုးသားများထက် ဆီးကျိတ်ကင်ဆာရောဂါဖြစ်ပွားမှု ၅၀ ရာခိုင်နှုန်းပိုမိုဖြစ်ပွားသည်ကို အဆိုပါအဖွဲ့မှ လေ့လာတွေ့ရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါဆီးကျိတ်ကင်ဆာရောဂါသည် စကော့တလန်နိုင်ငံရှိ အမျိုးသားအများစုတွင် ပိုမိုဖြစ်ပွားကြောင်း၊ ၂၀၀၀ ခုနှစ်မှ ၂၀၁၀ ခုနှစ်အကြား အဆိုပါဆီးကျိတ်ကင်ဆာဖြစ်ပွားသူဦးရေ ၇၄ ရာခိုင်နှုန်းတိုးလာသည်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဂလက်စ်ဂိုးတက္ကသိုလ်မှ သုတေသီများက ဆိုကြသည်။*



### အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်းတွင် မြေပြိုမှုဖြစ်ပွား၊ သုံးဦးသေဆုံး

***အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် ဇွန် ၁၉ ရက် နံနက်ပိုင်းက မြေပြိုမှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးသမားများက သေဆုံးသူသုံးဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ပြီး ပျောက်ဆုံးသူကိုးဦးအား ရှာဖွေမှုများပြုလုပ်လျက်ရှိကြောင်း ဒေသဆိုင်ရာအရာရှိများက ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံ မာလူကူပြည်နယ် အမ်ဘိုမြို့တွင် ယင်းနေ့ဒေသစံတော်ချိန် နံနက် ၃ နာရီ ၁၅ မိနစ်ခန့်က မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် မြေပြိုမှုများဖြစ်ပွားကာ အိမ်နှစ်လုံးပျက်စီးပြီး သုံးဦးသေဆုံးကြောင်း မာလူကူပြည်နယ် သဘာဝဘေးအန္တရာယ်စီမံကွပ်ကဲရေးနှင့် ဂျော့ပါးရေးခေါင်းဆောင် ဒိုတီဟာယန်တိုက ဆင်ဟွာသတင်းဌာနသို့ ဖုန်းဆက်ပြောကြားခဲ့သည်။ ကယ်ဆယ်ရေးသမားများက ပျောက်ဆုံးနေသူကိုးဦးအတွက် မြေကြီးများအောက်သို့ ရှာဖွေမှုများ ပြုလုပ်လျက်ရှိကြောင်း၊ နှစ်ဦးအား လုံခြုံဘေးကင်းစွာ ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ အင်ဒိုနီးရှားတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုများ မကြာခဏ ဖြစ်ပွားလျက်ရှိကြောင်း ဒိုတီဟာယန်တိုက ဆက်လက် ပြောကြားခဲ့သည်။***



*(ဝဲပုံ) (အင်တာနက်)*

# အီရတ်ဗုံးခွဲတိုက်ခိုက်မှု ၂၂ ဦးသေဆုံး၊ ၅၀ ဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၁၉



အီရတ်နိုင်ငံမြောက်ပိုင်း နာရေးအခမ်းအနားတစ်ခုအတွင်း ဗုံးခွဲတိုက်ခိုက်မှုကြောင့် ၂၂ ဦးသေဆုံးပြီး ၅၀ ဒဏ်ရာရရှိသွားကြောင်း ဇွန် ၁၉ ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

**ဖြစ်ပွားခဲ့**

အီရတ်နိုင်ငံမြောက်ပိုင်း ဘာကူဘာမြို့မှ ဇူဘေဒီရှီးယိုက်ခေါင်းဆောင်တစ်ဦး၏ နာရေးအခမ်းအနား၌ ပရိသတ် ၁၅၀ ခန့်ရှိသည့်နေရာကို ဇွန် ၁၈ ရက်က ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

အနည်းဆုံး ၂၂ ဦးသေဆုံးသည့်အထဲတွင် စစ်ဘက်အရာရှိတစ်ဦး၊ ရဲတပ်ဖွဲ့ဝင်လေးဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် ခုနစ်ဦးတို့ ပါဝင်ကြောင်း သိရသည်။ ဇွန် ၁၈ ရက် စောစောပိုင်းကလည်း ဘဂ္ဂဒက်၌ ဘာသာရေးဌာန ဒုတိယညွှန်ကြားရေးမှူး၏ ယာဉ်တန်းကို တိုက်ခိုက်စဉ် ၎င်း၏သက်တော်စောင့်သုံးဦးဒဏ်ရာရခဲ့ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

# ယီမင်တောင်ပိုင်း စစ်ဒေသမှူး အယ်လ်ခိုင်ဒါတို့လက်ချက်ဖြင့်သေဆုံး

အေဒင် ဇွန် ၁၉

ယီမင်တောင်ပိုင်း စစ်ဒေသမှူးနှင့် ၎င်း၏သက်တော်စောင့်သုံးဦး ဇွန် ၁၉ ရက် နံနက်ပိုင်းက သေဆုံးစေခဲ့သည့် အေဒင်မြို့ အသေခံဗုံးခွဲတိုက်ခိုက်မှုမှာ ၎င်းတို့လက်ချက်ဖြစ်ကြောင်း ယီမင်အခြေစိုက် အယ်လ်ခိုင်ဒါအဖွဲ့ခွဲက ထုတ်ဖော်ကြေညာသည်။ **(အောက်ပုံ)**

ယီမင်တောင်ပိုင်း အဘီယန်ပြည်နယ်အတွင်း အယ်လ်ခိုင်ဒါတို့၏ ခြေကုပ်စခန်းများကို အမေရိကန်ဦးဆောင်သည့် စစ်တပ်က ထိုးစစ်ဆင်ပြီး အယ်လ်ခိုင်ဒါ ထိပ်တန်းအဖွဲ့ဝင်များရှိရာသို့ လေကြောင်းမှ တိုက်ခိုက်ချေမှုန်းမှုကို လက်တုံ့ပြန်သည့် အနေဖြင့် ယင်းကဲ့သို့ အသေခံဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း အယ်လ်ခိုင်ဒါအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ မိမိတို့မိသားစုများနေထိုင်ရာ အဘီယန်ပြည်နယ်အတွင်း ထိုးစစ်ဆင်မှုကို ဦးဆောင်ခဲ့သူ ဗိုလ်ချုပ်ဆလင်အလီကာတန်အား မိမိတို့က လက်တုံ့ပြန်ချေမှုန်းခြင်း ဖြစ်သည်ဟုလည်း အယ်လ်ခိုင်ဒါအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **(အင်တာနက်)**



# အင်ဒိုနီးရှားနှင့်တီမောနိုင်ငံတို့ ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်း၌ ပူးပေါင်းဆောင်ရွက်မည်

ဂျကာတာ ဇွန် ၁၉

အင်ဒိုနီးရှားအစိုးရပိုင် ပီတီပတာမီနာ ရေနံနှင့်ဓာတ်ငွေ့ကုမ္ပဏီနှင့် တီမောနိုင်ငံအစိုးရပိုင် တီမောဓာတ်ငွေ့ အီးပက်ထရိုလီယိုတို့သည် တီမောနိုင်ငံအတွင်း ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းတို့ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီလိုက်ကြပြီဖြစ်ကြောင်း ဂျကာတာပို့စ်သတင်းစာက ဇွန် ၁၈ ရက်တွင် ရေးသားဖော်ပြသည်။

**ကြေညာ**

နှစ်ဦးနှစ်ဖက် နားလည်မှုစာချွန်လွှာကို ဇွန် ၁၆ ရက်က လက်မှတ်ရေးထိုးကြောင်း သတင်းစာကဖော်ပြသည်။ နှစ်နိုင်ငံကုမ္ပဏီနှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှုမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအဆင့်ဆင့်တွင် အကျုံးဝင်ကြောင်း ပီတီပတာမီနာကုမ္ပဏီက ကြေညာသည်။ **(အင်တာနက်)**

# မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်စည်းဝေး

# ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆွေးနွေး

**နေပြည်တော် ဇွန် ၁၉**

ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ အဲယ်လ်ဘတ် အက်ဖ် ဒယ်လ် ရိုဆာရီယို၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ ဇွန် ၁၄ ရက်မှ ၁၅ရက်အထိ ကျင်းပသည့် ဒုတိယအကြိမ်မြောက် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းဝေးသို့ တက်ရောက်ခဲ့သည်။

ဒုတိယအကြိမ်မြောက် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးကို ဇွန် ၁၅ရက်တွင် မနီလာမြို့ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာဘက်မှ ပူးတွဲကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်ဖိလစ်ပိုင်ဘက်မှ ပူးတွဲကော်မရှင်ဥက္ကဋ္ဌ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဲယ်လ်ဘတ် အက်ဖ် ဒယ်လ် ရိုဆာရီယို ဦးဆောင်သည့် ဖိလစ်ပိုင်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့ကြပြီး နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့အကြား နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာနယ်ပယ်တွင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဒုတိယအကြိမ်မြောက် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီး အစည်းအဝေးသဘောတူချက်မှတ်တမ်းကို အတည်ပြုခဲ့သည်။ ပူးတွဲကော်မရှင်အစည်းအဝေးမတိုင်မီ ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် နှစ်နိုင်ငံအဆင့်မြင့်အရာရှိကြီး အစည်းအဝေးကို ကျင်းပခဲ့သည်။

ဇွန် ၁၄ ရက် ညနေ ၃ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ခင်စိုးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါလျက် ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဘီနင်နို အကွီနို (၃)အား Malacanan Palace ၌ သွားရောက်တွေ့ဆုံ၍နှစ်နိုင်ငံဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့သည်။

ဇွန်၁၅ရက် မွန်းလွဲ ၁ နာရီတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဲယ်လ်ဘတ် အက်ဖ် ဒယ်လ် ရိုဆာရီယိုက ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ပြည်ထောင်စုဝန်ကြီးသည် ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ ရောက်ရှိနေစဉ် ဇွန် ၁၅ ရက် မွန်းလွဲပိုင်းတွင် မြန်မာသံရုံးဝန်ထမ်းများနှင့် တွေ့ဆုံခဲ့သည်။

**(သတင်းစဉ်)**

## သွားရောက်တွေ့ဆုံ



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နို အကွီနို (၃)အား သွားရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)



# သမဝါယမဆိုင်ရာလုပ်ငန်းများ

# ဒုတိယဝန်ကြီး ဦးသန်းထွန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၉**

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းသည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၊ မြောင်းမြမြို့နယ်၊ ငပုတောမြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ ကြံခင်းမြို့နယ်၊ မြန်အောင်မြို့နယ်နှင့် ပုသိမ်မြို့နယ်တို့အတွင်းရှိ ကျေးရွာပေါင်း ၃၆ ရွာသို့ သွားရောက်၍ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း ၁၂ သင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် ငွေစုငွေချေး သမဝါယမအသင်းငါးသင်း၊ လက်လုပ်လက်စား ငွေစုငွေချေးသမဝါယမအသင်း တစ်သင်း၊ လယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စား ငွေစုငွေချေး သမဝါယမအသင်း ၁၁ သင်းနှင့် မွေးမြူရေးကုန်ထုတ် လက်လုပ်လက်စား သမဝါယမအသင်း သုံးသင်း စုစုပေါင်း သမဝါယမအသင်းသစ် ၃၂ သင်းကို ဖွဲ့စည်းပေးခဲ့သည်။

**ဆွေးနွေးမှာကြား**

ဆက်လက်၍ ပုသိမ်မြို့နယ်အတွင်းရှိ ကိုးဆူကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ မိုးရာသီ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း အမှုဆောင်ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်းသားများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် လည်းကောင်း၊ ဒိုက်ထူရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်သူ ရပ်ကွက်သားများနှင့် လည်းကောင်း၊ မရမ်းချောင်းကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျေးရွာသူ ကျေးရွာသားများနှင့် လည်းကောင်း တွေ့ဆုံ၍ ဒုတိယဝန်ကြီးက သမဝါယမဆိုသည်မှာ ဆန္ဒအလျောက် ဆန္ဒတူ၊ လုပ်ငန်းတူသူများ ပူးပေါင်းပြီး မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်များဖြည့်ဆည်းရန် ပူးပေါင်းပိုင်ဆိုင်ပြီး အသင်းသားများ၏ ဆန္ဒနှင့်အညီ ကိုယ်တိုင်စီမံခန့်ခွဲရသည့် စီးပွားရေးအဖွဲ့ဖြစ်ကြောင်း၊ သမဝါယမလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြိုးစားလုပ်ကိုင်သွားကြရန်၊ ဖွဲ့စည်းတာဝန်ပေးခံရသည့် အမှုဆောင်ဒါရိုက်တာအဖွဲ့အနေဖြင့်လည်း အသင်းသားများအပေါ် စေတနာထား ဆောင်ရွက်သွားကြရန်နှင့် အသင်းသားများ တိုးချဲ့စည်းရုံးကြရန်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(ဝဲပုံ) (သတင်းစဉ်)**

| မြန်မာ့အလင်း | ဘဝအမောပြေ |
|---|---|

**ဖြစ်ရလေ** — **အာကာဟိန်း-ရေးသားသည်**

**လူငယ်တစ်ဦး စားသောက်ဆိုင်ထဲ ဝင်ရောက်ကာ တစ်ဦးတည်းထိုင်ပြီး ယမကာများတစ်ခွက်ပြီးတစ်ခွက် သောက်သုံးနေသဖြင့် စားပွဲထိုးကမေးလေသည်။**

**စားပွဲထိုး ။ ။ ဘာဖြစ်လို့ဒီလောက်သောက်နေရတာလဲ။**
လူငယ် ။ ။ စိတ်ညစ်လို့။
**စားပွဲထိုး ။ ။ ဘယ်လိုကြောင့်လဲ။**
လူငယ် ။ ။ ငါ့အစ်ကိုကမိန်းမလျာဖြစ်နေတာ ဒီနေ့မှ တွေ့ခဲ့ရလို့။
**စားပွဲထိုး ။ ။ သြော်..။**
လူငယ် ။ ။ နောက်တစ်ရက်လည်း စားသောက်ဆိုင်သို့ ရောက်ရှိကာ သောက်နေပြန်သည်။
**စားပွဲထိုး ။ ။ ဒီနေ့ကော..ဘာဖြစ်လို့လဲ။**
လူငယ် ။ ။ ငါ့ညီက.. မိန်းမလျာဖြစ်နေတာ ဒီနေ့မှသိရပြန်တယ်။
**စားပွဲထိုး ။ ။ သြော်..။**
လူငယ် ။ ။ နောက်တစ်ရက်လည်း စားသောက်ဆိုင်သို့ ရောက်လာပြီး သောက်နေပြန်သည်။
**စားပွဲထိုး ။ ။ ဘယ်လိုလဲ..မိသားစုလူမကုန်သေးဘူးလား၊ ဒီနေ့ ဘယ်သူ့ကို တွေ့လာပြန်သလဲ။**
လူငယ် ။ ။ ငါ့ချစ်သူပဲ.. သူကမိန်းမလျာဖြစ်နေတာ ဒီနေ့မှသိရတယ်။
**စားပွဲထိုး ။ ။ "ဟိုက်"**

## MRTV-4 အစီအစဉ်

၂၀-၆-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၅း၄၀ | **အာမခံချက်(၇)ပါး** တရားတော် (ဆရာတော် ဦးသောဘဏ) |
| ၁၁း၀၀ | ခေတ်သစ်ပျိုမေ |
| ၁၂း၄၀ | ပြက္ခဒိန်ရွှေတောင်မည် မြန်မာပြည်ဇာတ်ကိုချက်ဆီ |
| ၂း၄၅ | Dumex မှသည် ပီတိဖြစ်စေသော နေ့လေးတစ်နေ့ |
| ၅း၂၀ | Golden Minute |
| ၇း၃၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၈း၀၀ | MRTV-4 သတင်း |
| ၁၁း၅၀ | ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်း၏ စတုတ္ထခြေလှမ်း (မင်းတပ်မြို့) |
| ၁း၃၅ | **ဘတောဝါနောဘရိုသတိ** ဖိုးကျော်၊ နေဆန်း၊ ထူးခန့်ကျော်၊ ထွန်းထွန်းဝင်း၊ စိုးမိုးကြည်၊ဝင်းမင်းသန်း (ဒါရိုက်တာ-ကြည်စိုးထွန်း) |
| ၃း၀၀ | ကဏ္ဍာစုံလင်အားကစားအစီအစဉ် |
| ၄း၂၀ | ပကတိအတိုင်း |
| ၄း၄၅ | သာသနာပျိုးခင်း |



နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးမိုးဇာခုပ်နှင့် ဝန်ထမ်းများ မိုးပွင့်အဆင့်(၃) စီမံချက်အဖြစ် ဇွန် ၁၇ ရက်က နေပြည်တော် ရွှေကြာပင်ရပ်ကွက်၌ ရပ်ကွက်ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု လူဦးရေစာရင်းများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)

# မိုးရာသီ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၁၉**

ဘုရင့်နောင်ပွဲရုံမိသားစု (BGG) အသင်း Bayint Naung Golf Group ၏ စတုတ္ထအကြိမ်မြောက် မိုးရာသီ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၁၃ ရက် (သောကြာနေ့) နံနက် ၁၀ နာရီခွဲမှစတင်ပြီး ပန်းလှိုင်ဂေါက်ကွင်း (လှိုင်သာယာ) ၌ စည်ကားစွာကျင်းပမည်ဖြစ်သည်။

**ကြိုတင်စာရင်းပေး**

အသင်းဝင်အားလုံး မပျက်မကွက် တက်ရောက်ကြရန်နှင့် ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ဦးခင်ဟန် (ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၁-၁၄၇၀၀၊ ဦးခင်မောင်ဇင် (အတွင်းရေးမှူး) ဖုန်း-၀၁-၇၀၅၆၂၃၊ ဦးနေလင်း (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၀၉-၇၃၀-၁၇၄၆၆ တို့ထံ ကြိုတင်စာရင်းပေး ဆက်သွယ်ကြရန် ပြိုင်ပွဲကျင်းပရေးကော်မတီက နှိုးဆော်ထားကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

တောင်ငူမြို့နေ သတင်းထောက် ဦးကျော်လှ-ဒေါ်ဒေဝကီးဒေဝီတို့၏ ၅၇နှစ်ပြည့် အထိမ်းအမှတ်ကုသိုလ်ဒါနအဖြစ် ဇွန် ၁၆ ရက်က သမာဓိမိသားစုမှ တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင် နန်းတော်ဦးစေတီတော်မြတ် ဘက်စုံမွမ်းမံပြုပြင်ရန်အတွက် အလှူငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့မှ အလှူရှင်မိသားစုသို့ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (၁၃၆)





## ထောက်ပံ့ပေးအပ်

ဇွန် ၁၀ ရက်က မင်းဘူးမြို့နယ်အတွင်း ပုံ့ကျစျေးသည်များ၏သားသမီးများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို မြို့နယ်ရုံး၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ကျောင်းသူတစ်ဦးအား ထောက်ပံ့ပေးအပ်စဉ်။

(မြန်မာ့အလင်း)

# စွမ်းအင်ဝန်ကြီးဌာန၏ ပွင့်လင်းမြင်သာသည့်စနစ်ကို ကျင့်သုံးနေသော မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း

ကျော်ကျော်လှိုင်

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းနှင့် နိုင်ငံခြားကုမ္ပဏီများသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေး သဘောတူစာချုပ် ကိုးခုကို ၂၀၁၂ ခုနှစ် မတ်လ ၉ ရက်နေ့မှ ဇွန်လ ၁၄ ရက်နေ့အထိ သုံးလအတွင်းချုပ်ဆိုနိုင်ခဲ့ပါသည်။ ဤကဲ့သို့ တိုတောင်းသောအချိန်ကာလအတွင်း စာချုပ်ကိုးခု ချုပ်ဆိုနိုင်ခဲ့ခြင်းမှာ ဆောင်ရွက်ခဲ့သော စွမ်းအင်ဝန်ကြီးဌာနကို အထူးပင်လေးစားမိပါသည်။

အောက်ပါ ဇယားကိုကြည့်လျှင် ကမ္ဘာ့ကျော်ကုမ္ပဏီကြီးများဖြစ်သော ထိုင်းနိုင်ငံမှ PTT ကုမ္ပဏီ၊ မလေးရှားနိုင်ငံမှ Petronas ရေနံကုမ္ပဏီတို့လည်း ပါဝင်သည်ကို တွေ့ရှိရပါမည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းသည် လုပ်ငန်းများလုပ်ဆောင်လုပ်ငန်းများကို ၁၉၇၂ ခုနှစ်မှ ၁၉၇၅ ခုနှစ် ပတ်ဝန်းကျင်လောက်ထိ မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်ခဲ့ပါသည်။ ဤကုမ္ပဏီကြီးများသည် ပွင့်လင်းမြင်သာသောစနစ်ကို တန်ဖိုးထားသောကုမ္ပဏီများဖြစ်ပြီး မြန်မာ့ရေနံ ကော်ပိုရေးရှင်းနှင့် အောင်မြင်စွာလက်တွဲခဲ့ပါသည်။

တပ်မတော်အစိုးရလက်ထက်တွင်လည်း ၁၉၈၉ ခုနှစ် ပတ်ဝန်းကျင်မှ ၁၉၉၃

| အမှတ်စဉ် | ကုန်းတွင်းလုပ်ကွက် | နိုင်ငံခြားရေနံကုမ္ပဏီ | နိုင်ငံ | မြန်မာကုမ္ပဏီ | စာချုပ်ချုပ်ဆိုသည့်နေ့ |
|---|---|---|---|---|---|
| ၁ | RSF-10 | EPI Holdings Ltd. | Hong Kong | Aye Myint Khine | ၉-၃-၂၀၁၂ |
| ၂ | RSF-9 | Geopetro Int'l Holding Inc | Switzerland | A-1 Mining | ၁၁-၃-၂၀၁၂ |
| ၃ | RSF-2 | Petronas Carigali Myanmar Inc | Malaysia | UNOG | ၄-၄-၂၀၁၂ |
| ၄ | RSF-3 | Petronas Carigali Myanmar Inc | Malaysia | UNOG | ၄-၄-၂၀၁၂ |
| ၅ | PSC-1 | Jubilant Energy | India | Parami Energy | ၂၈-၅-၂၀၁၂ |
| ၆ | PSC-G | PTTEP South Asia Ltd. | Thailand | Win Precious Resources | ၆-၆-၂၀၁၂ |
| ၇ | EP-2 | PTTEP South Asia Ltd. | Thailand | Win Precious Resources | ၆-၆-၂၀၁၂ |
| ၈ | EP-5 | Istech Energy | Indonesia | SMART | ၇-၆-၂၀၁၂ |
| ၉ | PSC-E | CIS Nobel Oil Company | Russia | Alister | ၁၄-၆-၂၀၁၂ |

မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသမိုင်းတွင် ပထမဦးဆုံးအကြိမ် ဖြစ်ပါသည်။ ပိုမို၍ ထူးခြားသည်မှာ စာချုပ်ကိုးခုစလုံးတွင် မြန်မာနိုင်ငံတိုင်းရင်းသားပိုင် ရာတွင် အလွန်စည်းစနစ်ကျ၍ ပွင့်လင်းမြင်သာသည့်စနစ်ဖြင့် လုပ်ကိုင်လာသည်မှာ ဆိုရှယ်လစ်အစိုးရလက်ထက်ကတည်းကဖြစ်ပါသည်။ စာရေးသူသည် ၁၉၇၅ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ ဘူမိ ခုနှစ် ပတ်ဝန်းကျင်လောက်ထိ ကုန်းပိုင်းလုပ်ကွက်များတွင် အောက်ပါကုမ္ပဏီများသည် ရေနံရှာဖွေရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့ပါသည်။

အောက်ပါကုမ္ပဏီများကိုကြည့်လျှင်

| အမှတ်စဉ် | ကုန်းတွင်းလုပ်ကွက် | နိုင်ငံခြားရေနံကုမ္ပဏီ | နိုင်ငံ |
|---|---|---|---|
| ၁ | Block-F | Unocal | အမေရိကန်ပြည်ထောင်စု |
| ၂ | Block-B | Amoco | အမေရိကန်ပြည်ထောင်စု |
| ၃ | Block-G | Shell | နယ်သာလန်နိုင်ငံ |
| ၄ | Block-E | Petro Canada | ကနေဒါနိုင်ငံ |
| ၅ | Block-H | BHP | ဩစတြေးလျ |
| ၆ | Block - I | Clyde | အင်္ဂလန်နိုင်ငံ |
| ၇ | Block-D | Idemitsu | ဂျပန်နိုင်ငံ |
| ၈ | Block-C | Yukong | တောင်ကိုရီးယားနိုင်ငံ |

ကုမ္ပဏီများက ပါတနာအဖြစ်ပါလာခြင်း ဖြစ်ပါသည်။ စွမ်းအင်ဝန်ကြီးဌာနက မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများကို မြန်မာနိုင်ငံတိုင်းရင်းသားပိုင်ကုမ္ပဏီများနှင့် ပူးတွဲလုပ်ဆောင်မှသာ လုပ်ကိုင်ခွင့်ပေးမည်ဟု မူချခဲ့ပါသည်။ သို့သော်လည်း မည်သည့်တိုင်းရင်းသားကုမ္ပဏီနှင့် ပူးပေါင်းရမည်ကို ရူပဗေဒဌာန မြန်မာ့ရေနံကော်ပိုရေးရှင်းတွင် ဘူမိရူပဗေဒအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ခြောက်နှစ်တိုင်တိုင် နေပူမိုးရွာမရှောင် မြန်မာနိုင်ငံ၏ ဒေသအသီးသီးတွင် လစာနှင့်နေ့တွက်စရိတ်မှအပ မည်သည့်အကျိုးခံစားမှုမှ မရဘဲ ပင်ပန်းဆင်းရဲစွာ ရေနံရှာဖွေရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။ ဆိုရှယ်လစ်ခေတ်တွင် ဂျပန်နိုင်ငံ ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများမှ ကုမ္ပဏီများဖြစ်ပြီး ပွင့်လင်းမြင်သာသည့်စနစ်ကို အလွန်တန်ဖိုးထားသော နာမည်ကြီးကုမ္ပဏီများဖြစ်သည်ကို တွေ့ရပါမည်။ ဤကုမ္ပဏီများနှင့်လည်း မြန်မာ့ရေနံ ကော်ပိုရေးရှင်းသည် အောင်မြင်စွာ လက်တွဲခဲ့ပါသည်။

၁၉၉၄ မှ ၂၀၀၀ ခုနှစ်အတွင်း ကမ်းလွန်ရေနံရှာဖွေရေးလုပ်ကွက်များတွင်

| အမှတ်စဉ် | သဘာဝဓာတ်ငွေ့သိုက် | ပါတနာများ | နိုင်ငံ | ဓာတ်ငွေ့တင်ပို့ရောင်းချသည့်နိုင်ငံ |
|---|---|---|---|---|
| ၁ | ရတနာဓာတ်ငွေ့စီမံကိန်း | TOTAL/Chevron/PTTEPI/MOGE | ပြင်သစ်/အမေရိကန်ပြည်ထောင်စု/ထိုင်းနိုင်ငံ/မြန်မာနိုင်ငံ | ထိုင်းနိုင်ငံ |
| ၂ | ရဲတံခွန်ဓာတ်ငွေ့စီမံကိန်း | Petronas/Nippon Oil/PTTEPI/MOGE | မလေးရှားနိုင်ငံ/ဂျပန်နိုင်ငံ/ထိုင်းနိုင်ငံ/မြန်မာနိုင်ငံ | ထိုင်းနိုင်ငံ |

သတ်မှတ်ပေးခြင်းမရှိခဲ့ပါ။ အလွန်ပွင့်လင်း၍ ထင်သာမြင်သာသောစနစ်ဖြစ်ပြီး မြန်မာတိုင်းရင်းသား လုပ်ငန်းရှင်များ၏ အကျိုးကို အလေးထား မှ AODC ကုမ္ပဏီ၊ အမေရိကန်ပြည်ထောင်စုမှ ESSO နှင့် Martaban Cities ကုမ္ပဏီ၊ ပြင်သစ်နိုင်ငံမှ TOTAL ကုမ္ပဏီတို့သည် ကမ်းလွန်ရေနံရှာဖွေရေး သဘာဝဓာတ်ငွေ့သိုက်များကို အထက်ပါအတိုင်း ရှာဖွေတွေ့ရှိခဲ့ပါသည်။

အထက်ပါ ဇယားကိုကြည့်လျှင် အနောက်နိုင်ငံများဖြစ်သော ပြင်သစ်၊ အမေရိကန်ပြည်ထောင်စုမှ TOTAL၊ Cheveron ကမ္ဘာ့ကျော်ရေနံကုမ္ပဏီကြီးများ၊ ဂျပန်နိုင်ငံ၊ မလေးရှားနိုင်ငံမှ ကမ္ဘာ့ကျော် Nippon Oil, Petronas ရေနံကုမ္ပဏီကြီးများနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ၁၀ နှစ်ကျော် ပွင့်လင်းမြင်သာစွာ လက်တွဲခဲ့သည်မှာ ထင်ရှားပါသည်။ ရတနာဓာတ်ငွေ့မြေမှ နှစ်စဉ်နိုင်ငံခြားဝင်ငွေအမေရိကန်ဒေါ်လာသန်း ၄၈၀ ခန့် နိုင်ငံတော်ကို ရှာပေးနေပါသည်။ ရဲတံခွန်ဓာတ်ငွေ့ စီမံကိန်းမှ နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၆၀၀ ခန့်ကို သဘာဝဓာတ်ငွေ့ရောင်းချခြင်းမှလည်းကောင်း၊ နှစ်စဉ် အမေရိကန်ဒေါ်လာ ၂၁၃ သန်းခန့်ကို လေဆီ (Condensate) ရောင်းချခြင်းမှလည်းကောင်း ရရှိပါသည်။

၂၀၀၀ခုနှစ်မှ ၂၀၁၂ခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံ ဒေဝူးရေနံကုမ္ပဏီမှ ရွှေနှင့်မြ သဘာဝဓာတ်ငွေ့မြေများကိုလည်းကောင်း၊ ထိုင်းနိုင်ငံ PTTEPI ကုမ္ပဏီက ဇော်တိက သဘာဝဓာတ်ငွေ့မြေကိုလည်းကောင်း ရှာဖွေတွေ့ရှိခဲ့ပါသည်။ ၂၀၁၁ ခုနှစ်တွင် ထိုင်းနိုင်ငံ PTTEPI ကုမ္ပဏီမှ ကမ်းလွန်လုပ်ကွက် M3တွင် အောင်သခ် သဘာဝဓာတ်ငွေ့သိုက်ကို ရှာဖွေတွေ့ရှိခဲ့ပါသည်။ သဘာဝဓာတ်ငွေ့သိုက်၏ပမာဏကိုသိနိုင်ရန် အကဲဖြတ်တွင်းများ ၂၀၁၂ခုနှစ်အတွင်းတွင် တူးဖော်မည်ဖြစ်ပြီး ထွက်ရှိလာသည့် သဘာဝဓာတ်ငွေ့အားလုံးကို မြန်မာနိုင်ငံအတွက်အသုံးပြုရန် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက စီမံဆောင်ရွက်လျက်ရှိပါသည်။

ယခုလက်ရှိ ကမ်းလွန်ရေနံလုပ်ကွက် ၂၄ကွက်တွင် နိုင်ငံခြားရေနံကုမ္ပဏီပေါင်း (၁၀)ခုက ရေနံရှာဖွေလျက်ရှိပြီး ကုန်းပိုင်းလုပ်ကွက် ၂၀ကွက်တွင် နိုင်ငံခြားရေနံကုမ္ပဏီပေါင်း ရှစ်ခုနှင့် နိုင်ငံခြားနှင့်မြန်မာ ပူးပေါင်း-ကုမ္ပဏီခုနစ်ခုက ရေနံရှာဖွေလျက်ရှိပါသည်။ ကျန်ရှိနေသေးသည့် ကုန်းပိုင်းလုပ်ကွက်များနှင့် ကမ်းလွန်လုပ်ကွက်များတွင် ရင်းနှီးမြှုပ်နှံ၍ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ရှာဖွေရန်၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့များရှာဖွေရန် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ ဆက်သွယ်နေသည့် ကုမ္ပဏီများ မြောက်မြားစွာ ရှိနေပါသည်။ ကမ္ဘာ့ထိပ်တန်းရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများလည်း အပါအဝင်ဖြစ်ပါသည်။

နိဂုံးချုပ်အနေနှင့် ဆိုရလျှင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းသည်-

၁။ ခေတ် အဆက်ဆက်တွင် ပွင့်လင်းမြင်သာသည့် စနစ်ဖြင့်သာ နိုင်ငံတကာ ရေနံကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း။

၂။ ကျန်ရှိနေသေးသည့် ကုန်းပိုင်းနှင့် ကမ်းလွန်လုပ်ကွက်များကိုလည်းပွင့်လင်းမြင်သာသည့် စနစ်ဖြင့်သာ လုပ်ကွက်များကို ပေးခြင်း။

၃။ လုပ်ကွက်များတွင် တိုင်းရင်းသား လုပ်ငန်းရှင်များကို ပါတနာအဖြစ် စိတ်ကြိုက်ရွေးချယ်ခွင့်ပြုခြင်းတို့ကို လုပ်ဆောင်သွားမည်ဟု ယုံကြည်ပါသည်။



ဇွန် ၁၃ ရက်က သဃ်န်းကျွန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနက မိုးပွင့်အဆင့်(၃) စီမံချက်ဖြင့် စံပြရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းဆောင်ရွက်ရာ ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းခိုင်၊ မြို့နယ်ဦးစီးဌာနမှူး ဦးထွန်းလှတို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်ပေးကြပြီး ရပ်ကွက်ပြည်သူများထံ ပေးအပ်ကြစဉ်။ (၀၂၅)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

## မြန်မာ့အလင်း စာအုပ်စင်ကဏ္ဍ ၁၉-၆-၂၀၁၂

➤ ➤ ကိုလင်း-စုစည်းသည် ➤ ➤

### ဓမ္မရေးရာဥပမာများစာအုပ် ထုတ်ဝေဖြန့်ချိ



စာရေးဆရာ ဝဏ္ဏသီရိရေးသားထားသော ဓမ္မရေးရာဥပမာများစာအုပ် ထွက်ရှိလာခဲ့သည်။

မြတ်မင်္ဂလာစာစောင်တွင် ဖော်ပြခဲ့ပြီးသော ပိဋကတ်တော်လာဥပမာနှင့် ဥပမေယျခေါင်းစဉ်ပါ ဓမ္မရေးရာဝတ္ထုများကို စုစည်းထားခြင်းဖြစ်သည်။ ဤစာအုပ်ပါ သာဓကဝတ္ထုများသည် ရှေးသူဟောင်းတို့ ဥပမာဆောင်ခဲ့ကြခြင်းကို ကြားနာရသူတို့ သိလွယ်၊ မြင်လွယ်ကြစေရန်၊ နှစ်သက်ကျေနပ်စွာ နာယူလက်ခံကြစေရန်၊ ကြားနာပြီးနောက် စိတ်ထဲမှာစွဲမြဲ၍ တည်နေရစ်ကြစေရန် ရည်ရွယ်ရေးသားထားခြင်းဖြစ်ကြောင်းသိရသည်။ ပဋ္ဌာစာရာမည်သညာ၊ သိကြားမင်းအပြောင်းအလဲ၊ အဝီစိသို့ကျမည့်ဆဲဆဲ၊ ရဟန်းစားရသောဆွမ်းတစ်နပ်၊ နဂါးနိုင်ဂါထာ၊မိမစစ် ဖမစစ်၊ ရေဝတီ အမိုက်မ၊ အမိဖမ်းသူနှင့် အလွတ်ရုန်းသူ၊ ပြေးနိုင်မှလွတ်မည်၊ မီးမွှေးသူနှင့် မီးငြိမ်းသူ၊ ရွှာပျက်သောညစသည်ဖြင့် ဓမ္မရေးရာဝတ္ထု ၅၃ ပုဒ် ပါဝင်သည်။

စာအုပ်ကို အလင်းသစ်စာပေ အမှတ် ၁၇၊ အခန်း-၆၀၁၊ ၅၂ လမ်း(အောက်) ဗိုလ်တထောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂ မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

### ပရိတ်တော် (၁၁)သုတ်နှင့် ဓမ္မစကြာကျင့်စဉ် စာအုပ်ထုတ်ဝေဖြန့်ချိ



ဓမ္မာစရိယ ဦးအောင်ကျော်မိုး ရေးသားသော ဘက်ပေါင်းစုံကောင်းကျိုး လိုရာဆန္ဒပြည့်ဝစေမည့် ပရိတ်တော် (၁၁)သုတ်နှင့် ဓမ္မစကြာကျင့်စဉ် စာအုပ်ထွက်ရှိလာသည်။ စာအုပ်တွင် ခန္တီးဆရာတော်၏ နည်းအတိုင်း ကမ္ဘာဓာတ်စွမ်းအားများ ထွက်ပေါ်ချိန်တွင် အဓိဋ္ဌာန်မှုပြု၍ လိုရာဆန္ဒပြည့်ဝစေရန်အတွက်စီစဉ်ထားခြင်းဖြစ်ကြောင်းဖော်ပြထားသည်။ စာအုပ်တွင် လက်တွေ့အသုံးချပရိတ် အစီအရင်၊ လိုရာဆန္ဒပြည့်ဝစေသော ပရိတ်ရွတ်ဖတ်နည်း၊ အဓိဋ္ဌာန်အစီအရင်ပြုနည်း၊ အဓိဋ္ဌာန်ချ၍ လိုရာဆုတောင်းနည်း စသည့် အကြောင်းအရာများပါဝင်သည်။ ထို့ပြင်စာအုပ်တွင် ပရိတ်ရွတ်ဖတ်သောအခါ လွယ်လင့်တကူ ရွတ်ဖတ် နိုင်ရန်အတွက် (ပါဠိ-အသံထွက်-မြန်မာပြန်) စီစဉ်ရေးသားထားသည်။ စာအုပ်ကို မဇ္ဈိမစာပေ အမှတ် ၂၃၇ (ပထမထပ်-ဝဲ) ၃၉လမ်း အထက် ကျောက်တံတားမြို့နယ် ဖုန်း-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

### အနော်ရထာမင်းစော စာအုပ်ထုတ်ဝေဖြန့်ချိ



မြန်မာနိုင်ငံသားတို့က အနော်ရထာမင်းကြီးသည် ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်သူ၊ ထေရဝါဒဗုဒ္ဓသာသနာကို တည်ထောင်သူဟု ဂုဏ်ယူဝင့်ကြွား ပြောဆိုတတ်ကြသည်။ မြန်မာမင်းများအနက် တန်ခိုးအကြီးဆုံး၊ တိုင်းရေးပြည်ရေး၊ သာသနာရေးတို့၌ အကျိုးအများဆုံးဖြစ်ထွန်းအောင် ထောက်ပံ့ပြုစုခဲ့သော မင်းကောင်းမင်းမြတ်တစ်ပါးဟုလည်း ခံယူတတ်ကြသည်။ အနော်ရထာမင်း၏ခေါင်းဆောင်ကောင်းမှု၊ အမြော်အမြင်ကြီးမားမှု၊ ရဲစွမ်းသတ္တိရှိမှုတို့ကြောင့် မြန်မာနိုင်ငံအနှံ့အနော်ရထာ၏ ဩဇာပျံ့နှံ့သက်ရောက်သည့်အကြောင်းကို ဤစာအုပ်တွင်ရေးသားဖော်ပြထားသည်။

ဤအနော်ရထာမင်းစော သမိုင်းဝင်အတ္ထုပ္ပတ္တိစာအုပ်ကို ရေးသားသူ ဒေါက်တာကျော်ဝင်းက အနော်ရထာမင်းကြီး (အနိရုဒ္ဓ)အား နယ်သစ်တိုးချဲ့သူ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုဆောင်ရွက်သူ၊ ထေရဝါဒဗုဒ္ဓသာသနာအား ကာကွယ်စောင့်ရှောက်သူအဖြစ် မြင်စေလိုသည့်ရည်ရွယ်ချက်ဖြင့် ရေးသားခြင်းဖြစ်သည်ဟု အတိအလင်းဆိုထားပါသည်။ စာဖတ်သူပရိသတ်များအတွက် သမိုင်းဝင်မင်းတစ်ပါးအကြောင်းကို အချက်အလက်တိတိကျကျ မြင်တွေ့ဖတ်ရှုကြရမည်ဖြစ်ကြောင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနဦးစီးဌာနမှ ယခုထုတ်ဝေသောစာအုပ်ကို နေပြည်တော်၊ ရုံးအမှတ်(၃၅)၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနဦးစီးဌာနနှင့် ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ဝင်းအတွင်းရှိ သမိုင်းသုတေသန ဦးစီးဌာနတို့တွင် ဝယ်ယူနိုင်ပြီး စာအုပ်၏တန်ဖိုးမှာ ငွေကျပ် ၂၃၀၀ဖြစ်ကြောင်းသိရှိရသည်။

### Mobile ကွန်ရက်နည်းပညာစာအုပ်ထုတ်ဝေ



စာရေးသူသန်းထိုက်(ရွှေရိပ်) ရေးသားသည့် GSM၊ WCDMAနှင့် CDMA Mobile ကွန်ရက်နည်းပညာစာအုပ် ထွက်ရှိလာသည်။ စာအုပ်တွင် GSM၊ WCDMA နှင့် CDMA ဖုန်းလိုင်းများအသုံးပြုပြီး Internet အသုံးပြုနိုင်ရန် ချိတ်ဆက်ပုံများကိုအသေးစိတ်ရှင်းပြထားသည်။ အင်တာနက်အသုံးပြုမှုများကို Phone Handset များသာမက Laptop နှင့် Desktop များတွင်ပါ ချိတ်ဆက် သုံးနိုင်ရန်များကို ပုံများဖြင့်တကွ အဆင့်လိုက် ရှင်းပြပေးထားသည်။ ထို့အပြင် Tablet များ၊ အခြားသော Internet သုံးနိုင်သည့် Device များတွင်ပါ တွဲဆက်သုံးနိုင်ရန် အသုံးပြုနည်းများကို လိုအပ်သော Software များဖြင့် လက်တွေ့ရှင်းပြထားသည်။ Phone Handset အမျိုးမျိုးအတွက် Setting ပိုင်းဆိုင်ရာ ကိုင်တွယ်အသုံးပြုပုံများ၊ Application များဖြင့် ကွန်ရက်သုံးစွဲနိုင်ပုံများနှင့် မသိမဖြစ်သော Phone များ၏ Key Code Command များကိုပါ လေ့လာနိုင်သော စာအုပ်ဖြစ်သည်။

၎င်းစာအုပ်ကို မဇ္ဈိမစာပေတိုက် အမှတ် ၂၃၇ (ပထမထပ်) ၃၉ လမ်း(အထက်) ကျောက်တံတားမြို့နယ် ဖုန်း-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

# ရုပ်ရှင်မင်းသမီး ဂျင်နီဖာလိုပက်ဇ် တောင်အမေရိက ဖျော်ဖြေပွဲခရီးစတင်



**ပနားမားစီးတီး ဇွန် ၁၉**

ဟောလီဝုဒ်ရုပ်ရှင်မင်းသမီးနဲ့ အဆိုတော် ဂျင်နီဖာလိုပက်ဇ်(**ဓာတ်ပုံ**)ဟာ တောင်အမေရိက နိုင်ငံများကို သွားရောက်မယ့် သူမရဲ့ခရီးစဉ်အစအဖြစ် ပနားမားနိုင်ငံကို ဇွန် ၁၇ရက်က စတင်ရောက်ရှိလာပါတယ်။ အဲဒီတောင်အမေရိက ဂီတဖျော်ဖြေပွဲခရီးစဉ်မှာ လှူဒါန်းမှုအစီအစဉ်တွေ လည်းပါဝင်မှာဖြစ်ပါတယ်။ အသက် ၄၂ နှစ်အရွယ်ရှိနေပေမယ့် လှပနေဆဲဖြစ်ပြီး အနုပညာလုပ်ငန်းတွေဖြစ်တဲ့ သရုပ်ဆောင်မှု၊ ဂီတဖျော်ဖြေမှု၊ ရုပ်ရှင်ကားရိုက်ကူးထုတ်လုပ်မှုစတဲ့လုပ်ငန်းတွေ အောင်အောင်မြင်မြင် လုပ်ကိုင်နေသူတစ်ဦးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာကျော် ဖောဘတ်မဂ္ဂဇင်းက ကမ္ဘာ့ဆွဲဆောင်မှုအရှိဆုံးနဲ့ ထင်ပေါ်ကျော်ကြားမှုအရှိဆုံးအမျိုးသမီး ၁၀ ဦးစာရင်းထဲမှာ ရွေးချယ်ထည့်သွင်းဖော်ပြထားခဲ့သူဖြစ်ပါတယ်။ အခုလောလောဆယ်မှာတော့ ဂျင်နီဖာလိုပက်ဇ်ဟာ ပနားမားနိုင်ငံကို ရောက်ရှိနေပြီး ပနားမားမြို့ရဲ့ကလေးဆေးရုံမှာ ဆေးဘက်ဆိုင်ရာကုသရေး အထောက်အကူပြုပစ္စည်းတွေနဲ့ ဆေးဝါးတွေ လှူဒါန်းလျက်ရှိပါတယ်။ သူမဟာ တောင်အမေရိကနိုင်ငံတွေမှာရှိတဲ့ ဆင်းရဲတဲ့ကလေးငယ်တွေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေအတွက် အလှူငွေတွေ လှူဒါန်းသွားမယ်လို့ဆိုပါတယ်။ ကလေးငယ်တွေအတွက် ကျန်းမာရေးပြည့်စုံတဲ့မိခင်တွေ လိုအပ်ပါတယ်။ အဲဒီလိုပဲ မိခင်တွေအတွက်လည်း ကျန်းမာတဲ့ ရင်သွေးငယ်တွေဖြစ်နေဖို့ လိုအပ်ပါတယ်လို့ ရုပ်ရှင်မင်းသမီး ဂျင်နီဖာလိုပက်ဇ်က ပြောကြားနေပါတယ်။ ပနားမား ကလေးဆေးရုံမှာ ဆင်းရဲတဲ့ကလေးငယ်တွေကို ဦးစားပေးပြီး ငွေကြေးလှူဒါန်းမှုတွေပြုလုပ်တဲ့အခါ ဂျင်နီဖာလိုပက်ဇ်ရဲ့ညီမ လန်ဒါနဲ့ ပနားမားအရာရှိတွေ အတူ လိုက်ပါခဲ့ကြပါတယ်။ ဂျင်နီဖာလိုပက်ဇ်ဟာ တောင်အမေရိကနိုင်ငံတွေဖြစ်တဲ့ ဘရာဇီး၊ အာဂျင်တီးနား၊ ချီလီနဲ့ ဗင်နီဇွဲလားနိုင်ငံတွေမှာ ဖျော်ဖြေပွဲနဲ့ ပရိသတ်တွေ့ဆုံပွဲတွေ ပြုလုပ်မှာဖြစ်ပါတယ်။ ဒါ့အပြင် ကနေဒါနဲ့ အမေရိကန်နိုင်ငံတွေမှာလည်း ပရိသတ်တွေနဲ့ တွေ့ဆုံပွဲတွေ ဆက်လက်ပြုလုပ်သွားဖို့ စီစဉ်ထားပါတယ်။ ရုပ်ရှင်မင်းသမီး ဂျင်နီဖာလိုပက်ဇ်ဟာ ၂၀၀၈ခုနှစ်က တေးဂီတသမား မက်အန်တိုနီနဲ့ လက်ထပ်ခဲ့ပြီး ၂၀၁၂ခုနှစ်ဆန်းပိုင်းမှာတော့ မက်အန်တိုနီနဲ့ ကွာရှင်းပြတ်စဲခဲ့ပါတယ်။ သူမမှာလေးနှစ်အရွယ်အမြွှာသမီးငယ်နှစ်ဦးဖြစ်တဲ့ မက်စ်နဲ့အမ်းမီတို့ရှိနေပြီး ကလေးတွေက သူမနဲ့အတူနေထိုင်လျက်ရှိပါတယ်။ ဂျင်နီဖာလိုပက်ဇ်ဟာ အိမ်ထောင်ကျပြီးနောက်ပိုင်း သရုပ်ဆောင်မှုနဲ့ ဂီတဖျော်ဖြေမှုလုပ်ငန်းတွေကို ခေတ္တရပ်ဆိုင်းခဲ့ပေမယ့် ပြီးခဲ့တဲ့ ၂၀၁၁ခုနှစ်မှစတင်ကာ ပရိသတ်ရှေ့မှောက် ပြန်လည်ရောက်ရှိကာ အနုပညာလုပ်ငန်းတွေ ဆက်လက်လုပ်ကိုင်နေသူ ဖြစ်ပါတယ်။ **(အင်တာနက်)**

## မစ္စတာဘင်းန်၏ ဇာတ်ကားသစ်ပြသ

*ဂျကာတာ ဇွန် ၁၉*

*ကမ္ဘာကျော်ဟာသသရုပ်ဆောင် မစ္စတာဘင်းန်သည် သူ၏ဟာသရုပ်ရှင်ကားသစ်ဖြစ်သည့် Mr. Bean Possessed by D.P အမည်ရှိ ဇာတ်ကားသစ်ကို ဥရောပနိုင်ငံများ၌ ဇွန် ၁၈ရက်မှ စတင်ပြသနေပြီဖြစ်သည်။*

*ဗြိတိန်နိုင်ငံသား ဟာသသရုပ်ဆောင် ရိုဝမ်အက်ကင်ဆင်(ခေါ်) မစ္စတာဘင်းန် (ယာပုံ) သည် ယခုအခါ အသက် ၅၇ နှစ်အရွယ်ရှိပြီဖြစ်သော်လည်း ပရိသတ်များအတွက် ဟာသကားများ ဆက်တိုက်ရိုက်ကူးသွားမည်ဟု ပြောကြားသည်။ မစ္စတာဘင်းန်သည် ၂၀၁၁ခုနှစ်က သူပါဝင်သရုပ်ဆောင်ခဲ့သော Johnny English Rebom ဇာတ်ကားကို ပူးတွဲထုတ်လုပ်သူတစ်ဦးအဖြစ် တာဝန်ယူလုပ်ကိုင်ခဲ့ရာ ဝင်ငွေအများအပြားရရှိခဲ့သည်။* *(အင်တာနက်)*



# ဇာတ်လမ်းတွဲသစ်ရိုက်ကူးမယ့် တောင်ကိုရီးယားရုပ်ရှင်မင်းသမီး ကင်ယိုးဂျင်

ကိုသစ္စာ ရေးသည်

**ဆိုးလ် ဇွန် ၁၉**



တောင်ကိုရီးယား ရုပ်ရှင်မင်းသမီးနဲ့ အဆိုတော် ကင်ယိုးဂျင် (ကင်အူဂင်) **(ယာပုံ)** ဟာ ၂၀၁၂ခုနှစ် ဇူလိုင်လဆန်းမှာ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲသစ်တစ်ကားရိုက်ကူးဖို့ စီစဉ်နေပြီဖြစ်ပါတယ်။ ဒီဇာတ်ကားကို ကေဘီအက်စ် ရုပ်မြင်သံကြားလိုင်းက ရိုက်ကူးထုတ်လွှင့်သွားမှာဖြစ်ပါတယ်။

အသက် ၃၁ နှစ်အရွယ်ရှိတဲ့ ကင်ယိုးဂျင်ဟာ ၂၀၁၁ခုနှစ်က Princess Hwapyung's Weight Loss အမည်ရှိတဲ့ ရုပ်ရှင်ကားရိုက်ကူးပြီးကတည်းက ဇာတ်ကားရိုက်ကူးမှုရပ်ထားသူဖြစ်ပါတယ်။ ဒါကလည်း ကင်ယိုးဂျင်ဟာ ၂၀၁၁ ခုနှစ် မေ ၁၁ ရက်မှာ စေ့စပ်ခဲ့ပြီး ဇူလိုင် ၂၃ ရက်မှာ လက်ထပ်ပွဲကျင်းပခဲ့လို့ပဲ ဖြစ်ပါတယ်။

ရုပ်ရှင်မင်းသမီး ကင်ယိုးဂျင်လက်ထပ်ခဲ့တဲ့သူကတော့ တောင်ကိုရီးယား ရုပ်ရှင်မင်းသားတစ်ဦးဖြစ်တဲ့ ကီတေယန်နဲ့ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ၂၀၀၉ ခုနှစ်က ရိုက်ကူးခဲ့တဲ့ Creating Destiny ဇာတ်ကားမှာ အတူပါဝင်သရုပ်ဆောင်ခဲ့ရင်းက ချစ်သူတွေဖြစ်ခဲ့ကြတာဖြစ်ပါတယ်။

ကင်ယိုးဂျင်ဟာ တောင်ကိုရီးယားရဲ့ K-Pop တေးဂီတအဖွဲ့မှာ အဖွဲ့ဝင် တစ်ဦးဖြစ်ပြီး တစ်ကိုယ်တော်တေးအယ်လ်ဘမ်များကိုလည်း အောင်မြင်စွာထွက်ရှိနေသူ ဖြစ်ပါတယ်။ သူမရဲ့ ပထမဆုံး My True Style တေးအယ်လ်ဘမ်ဟာ တောင်ကိုရီးယားမှာ အချပ်ရေ ၆၅၀၀၀ ရောင်းချခဲ့ရပြီး ဒုတိယအယ်လ်ဘမ်ဖြစ်တဲ့ 810303 အမည်ရှိတေးအယ်လ်ဘမ်ဟာ အချပ်ရေ ၂၅၂၄၅ ချပ် ရောင်းချခဲ့ရတာမို့ တေးဂီတမှာလည်း အောင်မြင်တဲ့အဆိုတော်တစ်ဦးဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် ဇွန် ၁၇ ရက်က ထုတ်ပြန်ခဲ့တဲ့အလှပဆုံးနဲ့ အောင်မြင်မှုအရှိဆုံး တောင်ကိုရီးယားအမျိုးသမီးသရုပ်ဆောင် ၁၀ ဦးထဲမှာ ကင်ယိုးဂျင်ဟာ စတုတ္ထနေရာမှာ ရပ်တည်နေသူအဖြစ် ဖော်ပြခြင်းခံခဲ့ရပါတယ်။ တောင်ကိုရီးယားနိုင်ငံရဲ့ အလှဆုံးနဲ့ အောင်မြင်မှုအရှိဆုံး ရုပ်ရှင်မင်းသမီး ၁၀ ဦးကတော့ ကင်တေဟီး၊ ဆောင်းဟေကို၊ ယွန်အန်ဟေး၊ ကင်ယိုးဂျင်၊ ဆန်ယီဂျင်၊ ဟန်ဂါအင်၊ လီယွန်ဟီး၊ ဂျန်ဂျီဟွန်၊ လီဟိုရီနဲ့ ဟန်ချေယန်တို့ပဲဖြစ်ပါတယ်။ **(အင်တာနက်)**

# စပိန်က ခရိုအေးရှားကိုနိုင်၊ အုပ်စုပိုလ်ဖြင့် ကွာတားတက်ပြီ

**ဝါဆော ဇွန် ၁၉**

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲများကို ဇွန် ၁၉ ရက် နံနက်ပိုင်းက ဆက်လက်ကျင်းပခဲ့သည်။ အုပ်စု(C)မှ ခရိုအေးရှားနှင့် စပိန်တို့ပွဲတွင် စပိန်အသင်းက အကြိတ်အနယ်ယှဉ်ပြိုင်ပြီး တစ်လုံးတည်းသောအနိုင်ဂိုးဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။ **(အောက်ပုံ)**

စပိန်အသင်းသည် ဂျီးဆက်နာဗက်၏ သွင်းဂိုးဖြင့် အနိုင်ရရှိခြင်းဖြစ်သည်။ ဆီဗီလာတောင်ပံကစားသမား ဂျီးဆက်နာဗက်သည် ပွဲပြီးရန် နှစ်မိနစ်အလို အင်နီယေစတာ၏ ဖြတ်တင်ဘောမှတစ်ဆင့် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ စပိန်အသင်းသည် လက်ရှိဥရောပချန်ပီယံဖြစ်သကဲ့သို့ ကမ္ဘာ့ဖလားချန်ပီယံလည်းဖြစ်သည်။

စပိန်တို့ အနိုင်ရရှိရန် အကြိတ်အနယ်ကစားခဲ့ရသည်။ စပိန်တို့ တစ်နာရီကျော်ကြာ အကြိတ်အနယ်ကစားခဲ့သော်လည်း ဂိုးမသွင်းနိုင်သဖြင့် တိုက်စစ်ဗျူဟာကို ပြောင်းကစားခဲ့ရသည်။ တိုက်စစ်မှူးတောရက်စ်အစား ဂျီးဆက်နာဗက်ကို လူစားလဲကစားခဲ့သည်။ ပွဲချိန် ၈၈ မိနစ်တွင် ဂျီးဆက်နာဗက်က စပိန်အသင်းအတွက် အလိုရှိနေသော အနိုင်ဂိုးကို အင်နီယေစတာ၏ ဖန်တီးပေးမှုမှတစ်ဆင့် သွင်းယူပေးနိုင်ခဲ့သည်။

စပိန်အသင်းသည် အုပ်စုပြိုင်ပွဲတစ်လျှောက် နှစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် ရမှတ်ခုနစ်မှတ်ရရှိကာ အုပ်စုပိုလ်ဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။ စပိန်အသင်းသည် အုပ်စုပြိုင်ပွဲတွင် အီတလီကို တစ်ဖက်တစ်ဂိုးစီ သရေကစားပြီး အိုင်ယာလန်ကို လေးဂိုးပြတ်ဖြင့် အနိုင်ယူခဲ့သည်။ နောက်ဆုံးပွဲတွင် ခရိုအေးရှားကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ခဲ့သည်။ စပိန်အသင်းသည် ကွာတားဖိုင်နယ်တွင် အုပ်စု(D)မှ ဒုတိယရသောအသင်းနှင့် ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**





မြင့်မောင်စိုး – စုစည်းသည်

# အီတလီက အိုင်ယာလန်ကိုနိုင် အုပ်စုဒုတိယဖြင့် ကွာတားတက်

*ဝါဆော ဇွန် ၁၉*

*ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲများကို ဇွန် ၁၉ ရက် နံနက်ပိုင်း၌ ဆက်လက်ကျင်းပသည်။ အုပ်စု (C) ပြိုင်ပွဲတွင် အီတလီက အိုင်ယာလန်အသင်းကို နှစ်ဂိုးပြတ်ဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီ ဖြစ်သည်။*

*အီတလီအသင်းအတွက် အဖွင့်ဂိုးကို ကက်ဆာနိုက ပွဲချိန် ၃၆ မိနစ်တွင် ခေါင်းတိုက်ဂိုးဖြင့် သွင်းယူပေးခဲ့သည်။ အိုင်ယာလန်အသင်းသည် ချေပဂိုးရရှိရေး အကြိတ်အနယ်ကစားခဲ့သည်။ အိုင်ယာလန်ကစားသမား အင်ဒရူး၏ အပိုင်ကန်သွင်းယူမှုကို အီတလီဂိုးသမား ဘတ်ဖွန်း ကာကွယ်ပေးနိုင်ခဲ့သည်။ အိုင်ယာလန်ကစားသမား အင်ဒရူးသည် ဘာလော့တယ်လီ ဂိုးမသွင်းမီ နှစ်ဝါတစ်နီဖြင့် ထွက်သွားခဲ့ရသည်။ အိုင်ယာလန်အသင်းမှ တစ်ဦးထွက်သွားခဲ့ရသဖြင့် အီတလီအသင်း၏ တိုက်စစ်အား ပိုကောင်းလာသည်။ ပွဲချိန် မိနစ် ၉၀ ပြည့်ချိန်တွင် အီတလီတိုက်စစ်မှူး ဘာလော့တယ်လီက အီတလီအသင်းအတွက် ဒုတိယအနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။* ***(အပေါ်ပုံ)***

*အိုင်ယာလန်အသင်းသည် လွန်ခဲ့သော ၁၈ နှစ်က ၁၉၉၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင်လည်း အီတလီအသင်းကို အုပ်စုအဆင့်၌ ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခဲ့ရသည်။ အီတလီအသင်းသည် အုပ်စုပြိုင်ပွဲတစ်လျှောက် နှစ်ပွဲသရေ၊ တစ်ပွဲနိုင်ပြီး ရမှတ်ငါးမှတ်ရရှိကာ အုပ်စုဒုတိယဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားခဲ့သည်။ အီတလီအသင်းသည် အုပ်စုပြိုင်ပွဲတစ်လျှောက် စပိန်ကို တစ်ဖက်တစ်ဂိုးစီသရေ၊ ခရိုအေးရှားကို တစ်ဖက်တစ်ဂိုးစီသရေကစားပြီး အိုင်ယာလန်ကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ကစားနိုင်ခဲ့သည်။ အီတလီအသင်းသည် အုပ်စု (D) မှ ပထမရသောအသင်းနှင့် ကစားရမည်ဖြစ်သည်။* ***(အင်တာနက်)***

# ပြင်သစ်တိုက်စစ်မှူး ဂီရောက် အာဆင်နယ်ခေါ်ယူရန် သဘောတူညီ

လန်ဒန် ဇွန် ၁၉

ပရီမီယာလိဂ်ထိပ်တန်းကလပ်တစ်ခုဖြစ်သည့် အာဆင်နယ်က ပြင်သစ်လက်ရွေးစင်တိုက်စစ်မှူး အိုလီဗီယာဂီရောက်အား စာချုပ်ရန် သဘောတူညီလိုက်ပြီဖြစ်သည်။

တိုက်စစ်မှူးဂီရောက်သည် ပြင်သစ်ကလပ် မောင့်ပယ်လီယာကလပ်၌ ကစားနေသူဖြစ်သည်။ ဂီရောက်သည် ပြီးခဲ့သောဘောလုံးရာသီက မောင့်ပယ်လီယာအသင်းနှင့်အတူ ပြင်သစ်ပထမတန်းဆုဖလားကို ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။ အာဆင်နယ်နှင့် မောင့်ပယ်လီယာတို့သည် ဂီရောက်အား ပေါင် ၁၂ သန်းနှင့် ခေါ်ယူရန် သဘောတူလိုက်ခြင်းဖြစ်သည်။ တိုက်စစ်မှူးဂီရောက်သည် ယူရို ၂၀၁၂ ပြိုင်ပွဲပြီးလျှင် ဆေးစစ်ပြီး အာဆင်နယ်အသင်းနှင့် အပြီးသတ်စာချုပ်လိမ့်မည်ဖြစ်သည်။ ၎င်းသည် အရပ်အမြင့် ၆ ပေနှင့် ၃ လက်မရှိသည်။ ပြီးခဲ့သော ဘောလုံးရာသီက မောင့်ပယ်လီယာအသင်းအတွက် ၂၁ ဂိုးသွင်းယူပြီး ပြင်သစ် ပထမတန်းဆုဖလားကို ရယူပေးခဲ့သည်။ ဂီရောက်သည် ပြင်သစ်ဘောလုံးအသင်း တိုက်စစ်မှူးနှစ်ဦးအနက် ထင်ရှားသည့် တိုက်စစ်မှူးတစ်ဦးဖြစ်သည်။ လက်ရှိ ယူရို ၂၀၁၂ တွင် ပြင်သစ်တိုက်စစ်မှူး ဘင်ဇီမာနှင့်အတူ ကစားလျက်ရှိသည်။ (အင်တာနက်)



တိုက်စစ်မှူးဂီရောက်

# ၁၆၀ ကျပ် ထဲနဲ့

5 NETWORK

ရုပ်ရှင်ဒီဗီဒီယိုဇာတ်ကားပေါင်း ၁၅ ကား

ကိုရီးယား နှင့် အခြား စီးရီး ဇာတ်လမ်းတွဲပေါင်း ၂၄ ခိုင်း

ကာတွန်း ဇာတ်လမ်းတွဲပေါင်း ၂၀ ကား

**ESPN** နဲ့ **STARSPORTS** လိုင်းမှ ၂၄ နာရီစာ

Premier League & FA Cup Live ပွဲများနှင့် အခြား အားကစားပွဲများ

ထိုထက်ပိုတဲ့ အခြား အစီအစဉ်ကောင်းများစွာ ..များစွာ ........

**သင့်ရဲ့တစ်နေ့တာအပန်းဖြေဖို့အတွက် တန်ရဲ့လား.....!**

စုံစမ်းရန် - **01-400 878**

ဝယ်ဝယ် ၊ မဝယ်ဝယ်

**400 878 သို့ဆက်သွယ်စုံစမ်းသူတိုင်းကို လစဉ် ..**

**10,000** ကျပ် တန် ကူပွန်

**30 ခု မဲဖောက်ပေးနေပြီ။**

အမည် ၊ မှတ်ပုံတင်နံပါတ် ထပ်ပါက ပယ်မဲ ဖြစ်ပါမည် ။

air Bagan
myanma
MAI
AIR INDIA

## ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ မြေနီကုန်းဈေးလမ်း၊ အမှတ်(၄၇)၊ (ရှစ်ထပ်)တိုက်၏ မြေညီထပ်(A) ဟုခေါ်တွင်သော ပေ(၁၅×၆၀)အကျယ်အဝန်းရှိတိုက်ခန်းကို တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်အေး(ခ)ဟန်ဖူးဝိန် မှရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့တရားဝင်စာရွက်စာတမ်း၊ အထောက်အထား ခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးအေးရီ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(၄၃၇၃)**

**ဒေါ်လှလှခိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(၅၄၁၀)**

**အမှတ်(၉/၁၁)၊ အခန်းအမှတ်(၂၀၁/A)၊ ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

MYINT THU HTET
DSA, TA, MA LO
Repeater
09-73008719

## အမည်ပြောင်း

ဦးတင့်ဇော်၏ သမီး အထက (၁)ရန်ကင်း Grade-II (B) မှ မရည်မွန်ဇော်အား မသက်မွန်ဦးဟု ပြောင်းလဲခေါ်ပါရန်။

**မသက်မွန်ဦး**

## ဖခင်အမည်မှန်

အထက(၆)အလုံ၊ တက္ကသိုလ်ဝင်တန်း(B)မှ မဂေါ်ရီဂျာဆိုင်းတောင်နှင့် အဋ္ဌမတန်း(C)မှ မအက်စတာဆန်ကာဘူ တို့၏ ဖခင်အမည်မှန်မှာ နိုင်ငံသားမှတ်ပုံတင်နှင့် သန်းခေါင်စာရင်းတွင် ပါရှိသည့်အတိုင်း ဦးလဖိုင်ဇော်ဒွဲ ၁/မကန(နိုင်)၁၂၃၁၅၁ ဖြစ်ပါသည်။

## အင်းစိန် နေရာသန့်

ရေမီးပါ၊ အိမ်နှင့်ခြံရောင်းမည်
သွပ်မိုး ပျဉ်ခင်း ပျဉ်ကာ
(ပေ ၃၀×ပေ ၆၀)
အိမ်ရှေ့ကျောက်လမ်းခင်းပြီး
ကျပ် ၃၉၅ သိန်း။

**ဖုန်း-၀၉-၅၁၉၄၅၁၆၊**
**၀၁-၅၅၂၃၆၇**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မာန်ပြေ၊ မြေကွက်အမှတ် ၂၁၄၊ မြေကွက်တည်နေရာ အမှတ် ၂၁၄၊ သုမနလမ်း၊ ၃ ရပ်ကွက်၊ မာန်ပြေ၊ သာကေတမြို့နယ် ဦးကျော်ရှိန် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးကျော်ရှိန်နှင့် ဒေါ်တင်ရီတို့ ကွယ်လွန်သဖြင့် ဒေါ်ခင်ပြုံး ၁၂/သကတ(နိုင်)၀၂၇၈၅၈၊ ဦးတင်လွင် ၁၂/သကတ(နိုင်)၀၃၀၆၂၀၊ ဒေါ်ကြည်ကြည်လွင် ၁၂/သကတ (နိုင်) ၀၃၂၀၈၅၊ ဦးကျော်ဆန်း ၁၂/သကတ(နိုင်)၀၁၃၈၄၃၊ ဦးကျော်မင်း ၁၂/သကတ(နိုင်)၀၁၅၀၁၇ တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက် ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**







## အိမ်ရောင်းမည်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပင်လုံလမ်းမကြီး၊ (၃၄)ရပ်ကွက်၊ နှစ်ထပ်တိုက်၊ ပေ (၄၀× ၆၀)၊ ရေမီးအစုံအလင်၊ ဆိုင်ခန်း သုံးခန်းပါရှိပါသည်။

**ဆက်သွယ်ရန်-**

**ဖုန်း-၀၉-၄၂၀၀၆၄၂၇၈၊ ၀၉-၄၂၀၀၆၄၂၇၉၊ ၀၉-၄၃၁၇၉၁၉၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅)ရပ်ကွက်၊ ၄၀၀ ၁လမ်း၊ အမှတ် ၃၀၆ဟုခေါ်တွင်သော ဧရိယာပေ (၄၀×၆၀)ရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ကျော်မင်း ၇/ကဝန(ပြု)၀၀၀၀၃၂ ထံမှ လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများသည် ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းတို့ဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်ခြင်းမရှိ၍ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်နှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးမင်းဝေအောင် ၈/ဆမန(နိုင်)၀၄၇၉၁၂**
**အမှတ်(၄၀၈)၊ စံပယ်မြိုင်လမ်း၊**
**(၁၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/အရှေ့၊ မြေကွက်အမှတ် ၆၁(ခ)၊ မြေကွက်တည်နေရာ ၆၁(ခ)၊ ဧရာဝဏ်လမ်း၊ ၇ ရပ်ကွက်၊ သာကေတမြို့နယ် ဦးတင်စိန် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်စိန်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၈၄၉၈/၂၀၁၀ ရရှိထားသူ ဒေါ်တင်တင် ၁၂/လသန (နိုင်) ၀၀၄၄၈၈ ကအရောင်းမြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

EAC
M.A.(Eng)
M.A.(Eng)

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊(၁၅)ရပ်ကွက်၊ ဓမ္မာရုံလမ်းနှင့် မာလာမြိုင်လမ်းသွယ်ထောင့်၊ အမှတ် ၃ နေ မချယ်ရီ ၉/မခန(နိုင်)၁၅၅၈၈၂ က အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ ဓမ္မာရုံလမ်းနှင့် မာလာမြိုင်လမ်းသွယ်ထောင့်၊ အမှတ် (၃)၊ ကံဘဲ့မြို့၊ အင်းစိန်မြို့နယ်၊ အင်းစိန်စီရင်စု၊ အကွက်အမှတ် ၃၃၊ ဦးပိုင်အမှတ် ၇၃/ဃ၊ မြေအကျယ် ၂၃ ပေ×ပေ၄၀၊ ပေ ၄၀×ပေ ၄၀ မြေကို ကျွန်မက လက်ရှိဝယ်ယူလက်ရောက်ရယူထားသော မြေဖြစ်ပါသည်။

အဆိုပါမြေကွက်မှာ ဂရန်သက်တမ်းကုန်ဆုံးနေပြီးဖြစ်၍ မြေဂရန်အမည်ပေါက် ဦးချစ်မောင်၊ မသိန်းတို့က ကျွန်မအား ကျေးဇူးပြုပြီး ဂရန်သက်တမ်းတိုးမြှင့်ပေးပါရန်နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်ပေးရန်အတွက် ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း ကျွန်မထံ ဆက်သွယ်ဆောင်ရွက်ပေးပါရန် အသိပေး ကြေညာအပ်ပါသည်။

**မချယ်ရီ ၉/မခန(နိုင်)၁၅၅၈၈၂**
**အမှတ် (၃)၊ ဓမ္မာရုံလမ်းနှင့်မာလာမြိုင်လမ်းသွယ်ထောင့်၊**
**(၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့**

## နေကြယ်မင်း
အဆင့်မြင့်ဇိမ်ခံသည့် ပို့ဆောင်ရေး

## Y.E.S. International English Language Centre
Since 1996

| Course | Schedule |
|---|---|
| **Basic Spoken English** | Mon to Thurs - 7:30-9:30 am 4,18 Jun |
| | Sat & Sun - 3:45 - 6:45 pm 9,23 Jun |
| | Mon to Thurs-1:00-3:00 pm11,25 Jun |
| | Mon to Thurs - 3:00 - 5:00 pm 18 Jun |
| | Sat & Sun - 2:30-5:00 pm 23 Jun |
| | Mon to Thurs-10:00-12:00 am 25 Jun |
| | Mon to Thurs-5:00-7:00 pm 25 Jun |
| | Mon to Thurs-3:00-5:00 pm 9 Jul |
| **Pre-Intermediate English** | Mon to Thurs-10:30-12:30 am 25 Jun |
| **Intermediate English** | Mon to Thurs-1:00-3:00 pm 16 Jul |
| **Grammar Foundation Course** | Sat & Sun - 9:00 - 12:00 am 16 Jun |
| | Mon to Thurs- 7:30 - 9:30 am 18 Jun |
| **Structure & Written Expression** | Mon to Thurs - 10:00-12:00 am18 Jun |
| **Basic Writing Course** | Mon to Thurs - 3:00 - 5:00 pm 18 Jun |
| | Mon to Thurs - 10:00 - 12:00 am 25 Jun |
| **Reading Skills Foundation Course** | Sat & Sun - 12:30 - 3:30 pm 23 Jun |
| **Vocabulary Enrichment Course** | Mon to Thurs- 3:30 - 5:00 pm 25 Jun |
| **Academic Writing Course** | Sat & Sun - 5:00 - 7:00 pm 14 Jul |
| **Academic Preparation For IELTS** | Mon to Thurs- 10:30 - 12:30 am 16 Jul |
| **SAT** | Mon to Thurs -3:30-5:00 pm 16 Jul |
| **IELTS** | Sat&Sun-10:30-12:30 am 14 Jul |
| **IELTS** | (Speaking) Sat & Sun-1-3:30 pm14 Jul |
| **TOEFL** | Mon to Thurs -5:30-7:00 pm 23 Jul |

No.190, 2nd Flr.,28th St.(Upper), Pabedan Tsp. ☎ 243950




## ရဲမျက်မှန်

IQ Test Vol:1
IQ Test Vol:2


## ငွေရတုမင်္ဂလာဆုမွန်လွှာ

ချစ်ဖေဖေနှင့် ချစ်မေမေတို့၏ ၂၀-၆-၂၀၁၂ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာမှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် သစ္စာမေတ္တာများနှင့် သက်ဆုံးတိုင် ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

**ချစ်သား ချစ်သမီးများ-**

ဆု၊ နှင်း၊ သဲနှင့် ပြည့်စုံ
မြတ်ချို မိသားစု


## Myanmar Noble College
### ကျောင်းသားသစ်များ လျှောက်လွှာခေါ်ယူခြင်း

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများသည် ဘာသာရပ်တစ်ခု၏ Foundation သို့ တိုက်ရိုက်တက်ရောက်နိုင်ပြီး တက္ကသိုလ်ဝင်တန်း မအောင်မြင်သေးသူများသည် Pre-Foundation သင်တန်းကို တက်ရောက်နိုင်မည့် သင်တန်းများကို ၂၀၁၂ ခုနှစ် ဇွန်လ နောက်ဆုံးပတ်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

**HND (Higher National Diploma)**

* Civil Engineering (Construction & Built Environment)
* Electrical Power/Electronic Engineering
* Mechanical Engineering
* Business
* Computing

နယ်ကျောင်းသား ကျောင်းသူများအတွက် လုံခြုံစိတ်ချရသော အဆင့်မြင့်ဘော်ဒါများ စီစဉ်ထားရှိပါသည်။

**Myanmar Noble College**
**No.108, Hnin Si Street(Upper),**
**Ahlone Township, Yangon.**
**Ph. 01-220476, 09-73163975**
**www.myanmarnoblecollege.com**






# နိုင်ငံတော်ဖွံ့ဖြိုးမှုနှင့် ဒေသဖွံ့ဖြိုးမှုဆောင်ရွက်ရာ၌ အခွန်အကောက်များ ပြည့်ဝစွာရရှိအောင် တိုးတက်ဆောင်ရွက် အခွန်နှုန်းထားများ ပြင်ဆင်ခဲ့ခြင်းသည် အခွန်ထမ်းပြည်သူ တိုးတက်လာရေးနှင့် အခွန်တိုးတက်ကောက်ခံရရှိရေးရည်ရွယ်

# ဈေးကွက်စီးပွားရေးစနစ်ဖြင့် စီးပွားရေးတွက်ခြေကိုက်အောင်ဆောင်ရွက်ရင်း နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်ဖော်ဆောင် ရင်းနှီးမြှုပ်နှံသူနှင့် ဒေသခံပြည်သူ နှစ်ဦးနှစ်ဖက် သဘောတူညီမှုရယူပြီး တဲပေါ်မှ တိုက်ပေါ်တင်စနစ်ပြောင်းလဲ

နေပြည်တော် ဇွန် ၁၉

**စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် စီမံကိန်းကော်မရှင် ပထမအကြိမ် အစည်းအဝေးသို့ တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။**



**စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စီမံကိန်းကော်မရှင် ပထမအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှေးဦးစွာ စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် စီမံကိန်းကော်မရှင်၏ ပထမအကြိမ်ကျင်းပသော အစည်းအဝေးဖြစ်ပါကြောင်း။

ပြီးခဲ့သည့် နံနက်ပိုင်းအခမ်းအနား၌ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများကိုလည်း အကျယ်တဝင့်မှာကြားခဲ့ပြီးဖြစ်သည့်အတွက် ယနေ့ပြုလုပ်သောအစည်းအဝေးတွင် ပဉ္စမကာလတို(၅)နှစ် အမျိုးသားစီမံကိန်း(မူကြမ်း) ညှိနှိုင်းအတည်ပြုရေး၊ နှစ်အလိုက်လျာထားသည့် အမျိုးသားစီမံကိန်း(မူကြမ်း) ညှိနှိုင်းအတည်ပြုရေး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ကဏ္ဍစီမံကိန်းအလိုက် ဆောင်ရွက်လိုသည့် ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာလုပ်ငန်းစဉ် (Reform Strategy)အပေါ် မူဝါဒရယူလိုသည့်အချက်များတင်ပြရေး၊ နှစ်အလိုက်စီမံကိန်းနှင့်အညီ ဘဏ္ဍာငွေအရ-အသုံးစာရင်းနှင့် အကောက်အခွန်များညှိနှိုင်းရေး၊ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲရေးဆောင်ရွက်ပြီး ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဒေသအလိုက် ရင်းနှီးမြှုပ်နှံမှုများအပေါ် တင်ပြရေးတို့အပေါ် မူလိုချင်သည့်ကိစ္စရပ်များကို တင်ပြကြရန်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် စီမံကိန်းကော်မရှင် အတွင်းရေးမှူး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပဉ္စမကာလတို(၅)နှစ် အမျိုးသားစီမံကိန်း ပြည်ထောင်စုချုပ်အခြေအနေနှင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ ဝန်ကြီးချုပ်များက ပဉ္စမကာလတို(၅)နှစ် အမျိုးသားစီမံကိန်းပါ ကဏ္ဍစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနအလိုက်၊ ကဏ္ဍအလိုက် မူဝါဒရယူအတည်ပြုလိုသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ (Reform Strategy)ကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဦးဆက်အောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများက လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရေးဆွဲဆောင်ရွက်ရေးနှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်လိုသည့် အခြေအနေများနှင့် အစီအမံများ ပြုစုပေးပို့ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

# ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများလှူဒါန်း

**ရန်ကုန် ဇွန် ၁၉**

ရခိုင်ပြည်နယ်တွင် လတ်တလောဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလော ရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် International Enterprise Co., Ltd. သယ်န်းကျွန်းမြို့နယ်က ငွေကျပ်သိန်း ၂၀၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းက ငွေကျပ် ၁၅ သိန်း၊ ဦးဇော်လင်း-ဒေါ်အေးမြင့် မိသားစုက ငွေကျပ်ခုနစ်သိန်း၊ ဦးအေးမောင်-ဒေါက်တာစန္ဒာကျော် မိသားစုက ငွေကျပ်ခြောက်သိန်း၊ "ရွှေမြန်မာ" မိသားစုက ငွေကျပ်သုံးသိန်းငါးသောင်း၊ ဦးကံလှ-ဒေါ်တင်ဆိုင် သမီး မခင်ယုမေ မိသားစုက ငွေကျပ်သုံးသိန်း၊ ဒေါ်ချို "မြန်မာထမင်းဆိုင်"မိသားစုက ငွေကျပ် တစ်သိန်းလေးသောင်း၊ ဒေါ်တင်မေနှင့် ဦးလှထူးအားရည်စူး၍ "ရွှေလှေကား" စာပေတို့က ငွေကျပ်တစ်သိန်းစီ၊ ဒေါက်တာအောင်ဇော်-ဒေါ်လေးမြင့်တို့က ငွေကျပ်တစ်သိန်းနှင့် အဝတ်အထည်များ၊ ဒေါ်ခင်သန်း မိသားစုက ငွေကျပ်တစ်သိန်းနှင့် အဝတ်အထည်များ၊ ကိုရန်ရှင်းလင်းနှင့် မိတ်ဆွေ မိသားစုများ (မာဃကုန်ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၉ သိန်း တစ်သောင်းငါးထောင်တန်ဖိုးရှိ ဆန်အိတ် ၁၀၀ နှင့် အဝတ်အထည်နှစ်ထုပ်၊

*စာမျက်နှာ ၉ ကော်လံ ၅* ●



**ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် မီးသတ်ဦးစီးဌာန(ရုံးချုပ်)၌ အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများကို အလှူရှင်များက လာရောက်လှူဒါန်းစဉ်။** (သတင်းစဉ်)